ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး**

ပထမနေ့မှတ်တမ်း

**၁၃၈၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၁၅ ရက်**

**( ၂၀၁၈ ခုနှစ်၊ မေလ ၁၄ ရက် )**

**[ တနင်္လာနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုး သားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၁။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၃)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၉၇)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ရဲ့ (၈၈.၃၄)ရာခိုင်နှုန်းရှိပြီး ထက်ဝက်ကျော်ဦးရေ တက်ရောက်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၁ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးရဲ့ ပထမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသား လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ၁၄-၅-၂၀၁၈ ရက်နေ့မှာ အစည်းအဝေးသို့

တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များရဲ့ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များမှာ ဦးခွန်သိန်းဖေ၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်။ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ တနင်္သာရီတိုင်းဒေသကြီးသို့ ကွင်းဆင်းစိစစ်ခရီးစဉ်။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင်ဆွေ၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဦးကျော်နိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးရှေးရယ်ရှုမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ကျန်းမာရေး။ ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ကျန်းမာရေး။ ဦးတင်မောင်ဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၁၀)၊ ကျန်းမာရေး။ ဒေါ်ထုမေ၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်း၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဒုတိယဗိုလ်မှူးကြီး သန်းထွန်းမြင့်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ တာဝန်ထမ်းဆောင်ရန်။ ဦးပူဂင်ကမ်းလျန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဇော်မင်းလတ်(ခ)ဦးကိုလတ်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ကျော်စိုး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအေးမင်းဟန်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးနောင်နဂျာတန်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးခင်မျိုးဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီနှင့် လိုက်ပါဆောင်ရွက်ရန်။ ဦးစောမိုးမြင့်(ခ)ဆင်မြူရယ်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ကျန်းမာရေး။ ဦးညီစိန်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ဒေသဖွံ့ဖြိုးရေး ဆောင်ရွက်ရန်နှင့် ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ခရိုင်မြေစစ်ကွင်းဆင်းစိစစ်ရန်တို့ ဖြစ်ကြပါတယ်။

ယနေ့ ခွင့်ပန်ကြားသူ (၂၆)ဦး ဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၃)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၆)ဦးဖြစ်ပြီး ခွင့်မဲ့ ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကား ပြောကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ မိမိတို့ရဲ့ မဲဆန္ဒနယ်မြေ အသီးသီးမှာ မဲဆန္ဒရှင် ပြည်သူများရဲ့ အခက်အခဲများ၊ လိုလားချက်များ၊ နယ်မြေဒေသ ဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များ စတဲ့ ပြည်သူများရဲ့အသံ၊ ပြည်သူများရဲ့ ဆန္ဒတွေကို နားထောင်ခဲ့ကြ၊ ကွင်းဆင်းလေ့လာခဲ့ကြပြီး ဖြစ်ကြ လိမ့်မယ်လို့ ယုံကြည်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြည်သူတွေရဲ့ လိုလားချက်ဆန္ဒနဲ့ အခက်အခဲတွေကို အကောင်အထည်ဖော်ရေးအတွက် မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်းခြင်း၊ ဥပဒေပြုခြင်း လုပ်ငန်းများအပြင် သက်ဆိုင်ရာကော်မတီများအလိုက် လေ့လာစိစစ် ဆောင်ရွက်ရမယ့် လုပ်ငန်းများ ဆောင်ရွက်ရာမှာ ချမှတ်ထားတဲ့ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများ နှင့်အညီ ဆောင်ရွက်ကြရမှာ ဖြစ်တဲ့အကြောင်း ပြောကြားရင်း ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးကို တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပြီး မဲဆန္ဒရှင်ပြည်သူများအကျိုးအတွက် သယ်ပိုးဆောင် ရွက်နိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းသည့် မေးခွန်းများသည် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး တစ်ဦးတည်းက ဖြေကြားမည့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လာချင်ကျေးရွာအုပ်စု၊ လာချင်ကျေးရွာတွင် ကျေးလက် ကျန်းမာရေး ဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးယောနာ က ကချင်ပြည်နယ်၊ ဆော့လော်မြို့နယ်၊ လာချင် ကျေးရွာအုပ်စု၊ လာချင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေး ဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးယောနာ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားရပါသော လွှတ်တော် ဥက္ကဋ္ဌနှင့် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ မင်္ဂလာပါ။ ကျွန်တော်ကတော့ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးယောနာ ဖြစ်ပါတယ်။ ယခု ကျွန်တော် မေးမြန်းသွားမှာကတော့ ဆော့လော်မြို့နယ်အတွင်းရှိ လာချင်အုပ်စု၊ လာချင်ကျေးရွာတွင် ကျန်းမာရေး ဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း မေးမြန်းသွားမှာ ဖြစ်ပါတယ်။

ဆော့လော်မြို့နယ်၊ လာချင်အုပ်စု၊ လာချင်ကျေးရွာသည် ဆော့လော်မြို့မှ မိုင်(၁၀၀)ခန့် ကွာဝေးသော ကျေးရွာအုပ်စု တစ်အုပ်စုဖြစ်ပါတယ်။ အဆိုပါကျေးရွာအုပ်စုတွင် ကျေးရွာပေါင်း(၂၀)ကျော် ရှိပါတယ်။ ၎င်းလာချင်ကျေးရွာအုပ်စုတွင် နေထိုင်ကြသော လူဦးရေမှာ (၂၀၀၀)ကျော်ရှိပါတယ်။ အဆိုပါ ဒေသခံပြည်သူများသည် ကျန်းမာရေးနှင့် ပတ်သက်၍ အရေးပေါ် တစ်စုံတစ်ရာဖြစ်ပေါ်လာပါက ဆော့လော်မြို့ရှိဆေးရုံသို့ သွားရောက်ဆေးကုသမှုခံယူရန် အခက်အခဲများစွာ ရှိနေပါသောကြောင့် အိမ်နီးချင်း တရုတ်နိုင်ငံ၊ လုခွန်မြို့၊ နယ်စပ်မြို့ဆေးရုံသို့ ဆေးကုသမှုခံယူရန် သွားကြရပါတယ်။ သို့သော်လည်း နိုင်ငံရပ်ခြား၌ ဆေးကုသခံယူရာမှာ အခက်အခဲများစွာ ကြုံတွေ့နေကြရပါသည်။

သို့ဖြစ်ပါ၍ အထူးသဖြင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ကလေးသူငယ်များသည် အချိန်မီ ဆေးကုသမှု မခံယူရပါက အသက်မဆုံးရှုံးသင့်ဘဲ ဆုံးရှုံးရသည်မှာ မကြာခဏဆိုသလို ကြုံတွေ့နေကြပါသည်။ သို့ဖြစ်ပါ၍ လာချင်ကျေးရွာတွင် ကျန်းမာရေးဌာန ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ပြည်သူများ ကိုယ်စား လွှတ်တော်သို့ မေးမြန်းအပ်ပါတယ်။ အားလုံးကျေးဇူးတင်ပါတယ်။

**ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ မြစ်ဝကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၁။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း က ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ မြစ်ဝကျေးရွာ၊ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျေးလက်ကျန်းမာရေးဌာနအဆင့်သို့ တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၁။**

**ဦးထိန်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)။** ။ အားလုံးမင်္ဂလာပါ ခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးထိန်ဝင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ မြစ်ဝကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပြီးတော့ သားဖွားဆရာမ(၁)ဦး၊ အကူဆရာမ(၁)ဦးနဲ့ ပေါင်းဝန်ထမ်း(၂)ဦး ခန့်အပ်ကာ ကျန်းမာရေး စောင့်ရှောက်မှု ပေးနေတယ်လို့ သိရှိရပါတယ်။ မြစ်ဝကျေးရွာဟာ ဧရာဝတီမြစ်၏ အရှေ့ဘက်ကမ်းမှာ တည်ရှိပြီးတော့ သာခုချောင်းတိုက်နယ်ဆေးရုံနှင့် (၅)မိုင်၊ ရေလဲတိုက်နယ်ဆေးရုံနှင့် (၄)မိုင်အကွာ ကြားနေရာမှာ တည်ရှိနေပါတယ်။ မြစ်ရဲ့အရှေ့ဘက်ကမ်းတာနဲ့ အနောက်ဘက်ကမ်းတာအကြား မြစ်ဝှမ်းလွင်ပြင်ဒေသဖြစ်တဲ့အတွက် ဖော်ပြပါတိုက်နယ်ဆေးရုံများသို့ သွားရောက်မည်ဆိုပါက ရေကာတာများကို ရောက်ရှိအောင်ပင် မြစ်နှင့်ရိုးများကို ခက်ခဲစွာ ဖြတ်သန်းသွားလာရခြင်းကြောင့် ကျေးရွာမှာနေတဲ့ အရေးပေါ်လူနာများ ဆေးရုံသို့ အချိန်မီရောက်ရှိရန် ခက်ခဲလျက်ရှိနေတာ တွေ့ရပါတယ်။ လူနာများအား ထမ်းပုခက်နှင့် တစ်နာရီခွဲလောက်ကြာအောင် သယ်ယူပို့ဆောင် ပေးနေရတဲ့အတွက် အချိန်ကြန့်ကြာပြီးတော့ လမ်းခရီးမှာပင် သေဆုံးမှုများ မကြာခဏ တွေ့ကြုံနေရ

ကြောင်း တင်ပြသိရှိရပါတယ်။ အဲဒီအခက်အခဲတွေကို ဖြေရှင်းပေးဖို့အတွက် အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ကျိုက္ကလော့ဆရာတော် ဒေါက်တာ အရှင်စန္ဒာဝရာဘိဝံသ ဆရာတော်ကြီးနဲ့ အလှူရှင်များက လူနာတွေကို ကျန်းမာချမ်းသာစွာ ဖြစ်နိုင် အောင်လို့ဆိုပြီးတော့ မြစ်ဝကျေးရွာမှာပဲ မြေ(၂.၅)ဧကကို ဝယ်ယူတယ်။ ဝယ်ယူပြီးတော့ ကျပ်သိန်း (၂၀၀၀)လောက် အကုန်ခံပြီးတော့ ရေလွတ်အမြင့် အနေအထားဖြင့် ကျန်းမာရေးဌာနအဆောက်အဦကို ဆောက်လုပ်လှူဒါန်းထားတယ်လို့ သိရှိရပါတယ်။ အဲဒီအပြင်မှာမှ မီးစက်တွေရော ရေသန့်စက် တွေရော လှူဒါန်းပေးထားကြောင်း ကျွန်တော်ကိုယ်တိုင် သွားရောက်ပြီးတော့ လေ့လာတွေ့ရှိရပါတယ်။

Power Point အသုံးပြုခွင့်ပြုပါရန် လေးစားစွာ တောင်းခံအပ်ပါတယ်ခင်ဗျား။ အဲဒီလို မီးစက်တွေ၊ ရေစက်တွေ လှူဒါန်းထားရုံတင်မဟုတ်ဘူး။ ဆေးဘက်ဆိုင်ရာ စက်ပစ္စည်းတွေရော၊ ပရိဘောဂပစ္စည်းတွေရော၊ ဝန်ထမ်းအိမ်ရာများရော ဆောက်လုပ်လှူဒါန်းထားမယ်လို့၊ လှူဒါန်းပေး မယ်လို့ ဆရာတော်ကြီးကိုယ်တိုင် မိန့်ကြားခဲ့တာ သိရှိရပါတယ်။ ဒါကတော့ ကျွန်တော်တို့ ဆောက်လုပ် ပြီးခဲ့တဲ့ ကျန်းမာရေးအဆောက်အဦဖြစ်ပါတယ်။ ဆရာတော်ကြီး ဆောက်လုပ်လှူဒါန်းတာပါ။ ကျပ်သိန်း (၂၀၀၀)ကုန်ပါတယ်။ မြစ်ဝကျေးရွာရဲ့ အဓိကအခက်အခဲက တစ်နေရာနဲ့တစ်နေရာ ဆက်သွယ် သွားလာမှုမလွယ်ကူတဲ့ အနေအထားဖြစ်ပါတယ်။ ကျွန်တော်ကိုယ်တိုင် သွားရောက်ပြီးတော့ လေ့လာ တယ်။ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေနဲ့ သွားရောက်လေ့လာတဲ့အခါမှာ မြစ်ဝကျေးရွာကို ဇလွန်မြို့ မြစ်ဆိပ် ကနေပြီးတော့ မော်တော်နဲ့ မိနစ်(၄၀)လောက်သွားရတယ်။ ပြီးတော့ ကူးတို့ဆိပ်ရွာကို ရောက်တယ်။ ပြီးလို့ရှိရင် ဆိုင်ကယ်နဲ့ ကူးတို့ဆိပ်တို့ နန်းတော်ကွန်းတို့ (၂)ရွာကို ဖြတ်ပြီးတော့ (၃)မိုင်ခရီး လောက်ကို သွားရတယ်။ ပြီးတဲ့အခါမှာ ရေဆိပ်တစ်ခုကို ရောက်တယ်။ အဲဒီရေဆိပ်တစ်ခုကမှ စက်တပ်လှေနဲ့သွားတော့မှ မြစ်ဝကျေးရွာကို ရောက်တာ။ ရေနှစ်တန်၊ ကုန်းနှစ်တန်လောက် သွားရတယ်။ တော်တော်လေး ခက်ခက်ခဲခဲသွားရတဲ့ အနေအထားပါ။ ဆိုင်ကယ်နဲ့ သွားလို့ရတဲ့ နေရာတွေမှာ မိုးဦးကျနဲ့ မိုးကုန်ခါနီးဆိုလို့ရှိရင် ဗွက်တွေထပြီးတော့ ဘယ်သူမှ သွားလာလို့မရဘူး။ ခြေလျင်လျှောက် ရတယ်။ နွားလှည်းနဲ့ လူနာတွေသယ်ရတဲ့ အနေအထားမျိုးတွေ ရှိပါတယ်။

ဒါကြောင့်မို့လို့ ဇလွန်မြို့နယ် မြစ်ဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာနကို ဖွင့်လှစ်ဖို့ အတွက် ကျွန်တော်တို့ တောင်းဆိုတဲ့အခါမှာ စံချိန်စံညွှန်း သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုမရှိဘူးလို့ သိရသော်လည်းပဲ လမ်းပန်းဆက်သွယ်မှုခက်ခဲတဲ့ အနေအထားရယ်၊ ကျန်းမာရေးဌာနအဆောက်အဦ နဲ့ မြေနေရာတွေကို နိုင်ငံတော်က ကုန်ကျစရာမလိုဘဲနဲ့ ဆရာတော်ကြီးက ဆောက်လုပ်လှူဒါန်းထားပြီး ဖြစ်တဲ့အတွက် အမှန်တကယ်လည်း လိုအပ်နေတဲ့အတွက် ဝန်ကြီးဌာနရဲ့မူဘောင်ကို ဖြေလျှော့ပြီးတော့ ဇလွန်မြို့နယ် မြစ်ဝကျေးရွာ ကျေးလက်ကျန်းမာရေးဌာနခွဲကို ကျန်းမာရေးဌာနအဆင့်အဖြစ် တိုးမြှင့် ပေးနိုင်ခြင်း ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ရိုသေလေးစားစွာဖြင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

ဒုတိယပါမောက္ခချုပ်ဆရာတော်မှ ကျန်းမာရေးဌာနအဖြစ် ဆောင်ရွက်ရန် ဆောက်လုပ်လှူဒါန်းထားသည့် အဆောက်အအုံရှေ့ မြင်ကွင်းပုံ(က)




လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ နန်းတော်ကျွန်းရွာနှင့် မြစ်ဝရွာကြား ဆိုင်ကယ်ဖြင့် လမ်းကြမ်းခရီးသွားရောက်ရသည့် မြင်ကွင်းပုံ(က-၁)



လွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ ဧရာဝတီမြစ် အရှေ့ဘက်ကမ်းရှိ နန်းတော်ကျွန်းရွာသို့ မော်တော်ဖြင့် စီးနင်းသွားရသည့် မြင်ကွင်းပုံ(က-၂)



**ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရွှေညိုမအုပ်စု၊ ကွမ်းချောင်းကျေးရွာတွင် ကျန်းမာရေးဌာန သို့မဟုတ် ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ ရွှေညိုမအုပ်စု၊ ကွမ်းချောင်းကျေးရွာတွင် ကျန်းမာရေးဌာန သို့မဟုတ် ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံပါစေလို့ ဦးစွာပဏာမ ဂါရဝပြု နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ကျောက်ဖြူမြို့နယ်၊ ရွှေညိုမအုပ်စု၊ ကွမ်းချောင်းကျေးရွာတွင် ကျန်းမာရေးဌာနတစ်ခု သို့မဟုတ် ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းကို မေးမြန်းဖို့ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ် ရွှေညိုမအုပ်စုသည် လမ်းပန်းဆက်သွယ်ရေးခက်ခဲပြီး ရေလမ်းတစ်ခုတည်းကိုသာ အသုံးပြုသွားလာနေရတဲ့ ကျွန်းလွတ်တစ်ခုဖြစ်ပါတယ်။ အုပ်စုအတွင်း ရွာ(၄)ရွာရှိပြီး ကွမ်းချောင်းကျေးရွာတွင် အလယ်ဗဟိုချက်ကျပါတယ်။ အုပ်စုတစ်ခုလုံးမှာ အိမ်ခြေပေါင်း (၈၀၀)ကျော်ရှိပြီး လူဦးရေ (၃၂၀၀)ကျော် နေထိုင်လျက်ရှိပါတယ်။ ကျန်းမာရေးဌာနနဲ့ ဆေးပေးခန်းတို့ မရှိသည့် အုပ်စုတစ်ခုလည်း ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျန်းမာရေးအတွက် လိုအပ်လာပါက ထိုဒေသရှိပြည်သူများမှာ ရေမိုင်(၁၅)မိုင်ခန့် ဝေးကွာသော ကျောက်ဖြူမြို့ကိုသွားပြီး ဆေးကုသရပါတယ်။ ဆင်းရဲနွမ်းပါးသော တောင်သူလယ်သမားများ ဖြစ်ကြတဲ့အတွက် မြို့သို့တက်ရောက်ဆေးကုသခြင်း မပြုလုပ်နိုင်ပါ။ ဆေးကုသမှုမခံလိုက်ရဘဲ အသက်ပေးလိုက်ရသူများမှာလည်း အများကြီးရှိခဲ့ပါတယ်။ ကွမ်းချောင်းကျေးရွာတွင် ရဲစခန်းနှင့် အထက်တန်းကျောင်း စာစစ်ဌာနတို့ရှိတဲ့အတွက် ကျန်းမာရေးဌာနတစ်ခု အမှန်တကယ် လိုအပ်လျက်ရှိပါတယ်။ ကျန်းမာရေးဌာန သို့မဟုတ် ကျန်းမာရေးဌာနခွဲတစ်ခုသာ ဖွင့်လှစ်ပေးနိုင်မည်ဆိုပါက ဌာနဆိုင်ရာဝန်ထမ်းများနဲ့ ထိုဒေသရှိပြည်သူများအတွက်လည်း ကျန်းမာရေးစောင့်ရှောက်မှုကို အလွယ်တကူ ကုသခွင့် ရရှိမှာဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ကွမ်းချောင်းကျေးရွာ၌ ကျန်းမာရေးဌာန သို့မဟုတ် ဌာနခွဲတစ်ခု ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မဲဆန္ဒရှင်ပြည်သူများကိုယ်စား လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့ ပြည်သူ့ဆေးရုံတွင် လစ်လပ်ပြီး အရေးတကြီး လိုအပ်နေသော အထူးကုဆရာဝန်၊ သမားတော်နှင့် လက်ထောက်ဆရာဝန်များ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၈။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး က ချင်းပြည်နယ်၊ ဟားခါးမြို့ ပြည်သူ့ဆေးရုံတွင် လစ်လပ်ပြီး အရေးတကြီး လိုအပ်နေသော အထူးကုဆရာဝန်၊ သမားတော်နှင့် လက်ထောက်ဆရာဝန်များ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ဟေး ဖြစ်ပါတယ်။ လေးစားရပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ်၊ ဟားခါးမြို့ရှိ ပြည်သူ့ဆေးရုံကြီးသည် ယေဘုယျအားဖြင့် ခုတင်အလုံး(၂၀၀)ဆံ့ပြီး လူနာအယောက်(၂၀၀)မဆံ့တဲ့ ဟားခါးမြို့၊ ထန်တလန်မြို့ မြို့နယ်နှစ်ခုက အဓိက အားထားရာ ဆေးရုံကြီးဖြစ်ပါတယ်။ ဒီလိုဖြစ်ရခြင်း အကြောင်းရင်းများထဲမှ အဓိကအချက် နှစ်ချက်ကတော့ (၁) သက်ဆိုင်ရာ ဆရာဝန်များ မရှိကြခြင်းနှင့် (၂) ဆေးဝါးများ မရရှိခြင်းတို့ကြောင့် ဖြစ်ပါတယ်။ လူနာများစွာလည်း တော်တော်လည်း ဒုက္ခရောက်ကြ

ပါတယ်။ သာမန်ရောဂါမဟုတ်သည့် ရောဂါဖြစ်သည်နှင့် တစ်ပြိုင်နက် ဟားခါးမြို့ကနေ မိုင်(၄၀)ကျော် ကျော် ကွာဝေးတဲ့ ပြည်နယ်ဝန်ကြီးချုပ်ရဲ့မြို့ ဖလမ်းမြို့ကို သွားလိုက်၊ မိုင်(၁၂၀)ကျော်တဲ့ ကလေးမြို့ကို ဆင်းလိုက်၊ နည်းနည်းတတ်နိုင်တဲ့လူတွေ မန္တလေးကိုသွားလိုက်၊ ပိုတတ်နိုင်တဲ့သူတွေ ရန်ကုန်ကို သွား ကြပြီး ဖြစ်ချင်တော့ လမ်းမှာတင် အသက်ဆုံးသွားတာလည်း မနည်းတော့ပါ။ မတတ်နိုင်တဲ့ ကိုယ်ဝန်ဆောင် မိခင်နဲ့ ကလေးတွေလည်း အသက်ဆုံးရှုံးသွားတာလည်း များလှပါပြီ။ ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးလည်း ချောင်းဆိုး၊ နှာစေးရောဂါတွေနဲ့ပဲ လုံးပန်းကုသနေတဲ့ အခြေအနေကို ရောက်ရှိနေပါပြီ။ ချင်းတောင်ကို လာရောက်ကြကုန်သော မြေပြန့်က ညီအစ်ကို ဆရာဝန်များလည်း ချင်းပြည်နယ်ကို ရာထူးတိုးရန်နှင့် နေရာကောင်းရရန်အတွက် stepping stone သဘောအနေဖြင့် ရောက်လာကြတာလည်း ရှိပါတယ်။ နာမည်သာလာ လူမပါ၊ ပြည်နယ်လစာကုန်၊ သွားမလို၊ လာမလို အီးရော အီးရောနဲ့ (၆)လပြည့်၊ တစ်နှစ်ပြည့်ရင် ကိုယ်လိုရာဒေသကို ပြန်သွားကြတာများပါတယ်။ ဒါကြောင့် ပြည်သူတွေက လုံးဝ မတတ်နိုင်တဲ့ အခြေအနေမှပဲ ဆေးရုံကိုသွားကြရတာ ဖြစ်ပါတယ်။ ချင်းပြည်နယ် ပြည်သူ့ကျန်းမာရေး ကုသရေးဦးစီးဌာနမှူးအား နေပြည်တော်ကုသရေး ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူးချုပ်ထံ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၉ ရက်နေ့တွင် တင်ပြတောင်းခံခဲ့သော်လည်း ယနေ့အထိ ဘာမှ အကောင်အထည်ဖော် နိုင်မှု မရှိသေးပါ။

ဒီ Copy ကတော့ ဝန်ကြီးဌာနကို ကျွန်တော် တင်ထားပါတယ်။ ယခုကဲ့သို့ မေးမြန်း တောင်းခံရခြင်းမှာလည်း ဝန်ကြီးဌာနကို ခေါင်းကိုက်၊ ခက်ခဲစေရန် ရည်ရွယ်ချက်မျိုး မရှိပါ။ ဆရာဝန် ရှားပါးတဲ့တိုင်းပြည်မှာ ဆရာဝန်များ အင်အားခွင့်ပြုခန့်ထားမှု အပြည့်အဝ၊ ဥပမာဆိုပါစို့ ဟားခါး မြို့နယ်မှာ (၆၀)ခန့်ရမှာ (၁၈)ယောက် ပေးပြီးတော့ အယောက်(၅၀)ယောက်က မလာတာ။ အပြည့်အဝကို ကျွန်တော် မတောင်းခံပါ။ မရှိမဖြစ်တဲ့ မေ့ဆေး၊ ခွဲစိပ်၊ OG ၊ အရိုးတို့ကိုသာ တောင်းခံရခြင်းဖြစ်ပြီး ပြည်သူပြည်သားများရဲ့ အခက်အခဲဒုက္ခပြေလည်ဖို့သာ တင်ပြခြင်းဖြစ်ပါတယ်။ ပြည်နယ်တစ်ခုရဲ့ မြို့တော်နှင့်ပင် မတူတော့ဘဲ ခွဲစိပ်ဆရာဝန်ရှိတဲ့အချိန်မှာ မေ့ဆေးဆရာဝန် မရှိလိုက်၊ မေ့ဆေးဆရာဝန် ရှိတဲ့အချိန်မှာ ခွဲစိပ်ဆရာဝန် အပြောင်းသွားလိုက်၊ OG နဲ့ ဓာတ်မှန်ဆရာဝန်တွေ ခရီးထွက်လိုက်နဲ့ပဲ ချာလပတ်လည်နေကြပါတယ်။

၎င်းအပြင် ပြည်နယ်က တာဝန်ယူ၊ တာဝန်ခံမည့် ခေါင်းတွေ၊ လက်တွေကလည်း သူတို့ မြို့မှာရရင် ကျေနပ်နေတဲ့သဘော ဖြစ်နေပါတယ်။ ၎င်းအပြင် ပြဿနာတစ်ခုက ချင်းလူမျိုးများသည် ကိုယ့်မိခင်ဘာသာ စကားမဟုတ်တဲ့ ဘာသာနဲ့ ကျောင်းစာများသင်ကြတော့ မြေပြန့်က ကျောင်းသူ၊ ကျောင်းသားများကို မမီနိုင်ခြင်းဟာလည်း စဉ်းစားရမယ့်အချိန် တန်နေပါပြီ။ မြေပြန့်က ညီအစ်ကို ဆရာဝန်များလည်း ခက်ခဲပြီး ဝေးလံခေါင်သီတဲ့ ချင်းတောင်မှာ တာဝန်မထမ်းဆောင်နိုင်တာလည်း အပြည့်အဝ နားလည်ပေးနိုင်ပါတယ်။ ဖြစ်နိုင်ရင် ဒေသခံ ဆရာဝန်များကို အဆင့်မြှင့်တင်ခြင်းသည် လည်း စဉ်းစားရမယ့်အချိန် ဖြစ်နေပါပြီ။ ယင်းကဲ့သို့ အခြေအနေအရပ်ရပ်များကြောင့် ချင်းပြည်နယ်၊ ဟားခါးမြို့၊ ပြည်သူ့ဆေးရုံတွင် လစ်လပ်ပြီး အရေးတကြီး လိုအပ်နေသော အထူးကုဆရာဝန်၊ သမားတော်နှင့် လက်ထောက်ဆရာဝန်များ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့်

သက်ဆိုင်ရာ ဝန်ကြီးဌာနသို့ ရိုသေလေးစားစွာ ကြယ်ပွင့်ပြမေးခွန်း မေးရခြင်းဖြစ်ပါတယ်။ အားလုံးကို လေးစားပါတယ်ခင်ဗျား။

**မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဓမ္မဝတီမြို့သစ်တွင် မြို့အဆင့်မီ ခေတ်မီအားကစားကွင်းနှင့် လေ့ကျင့်ရေးစင်တာတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဒေါက်တာဇော်လင်းထွဋ် က မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဓမ္မဝတီမြို့သစ်တွင် မြို့အဆင့်မီ ခေတ်မီအားကစားကွင်းနှင့် လေ့ကျင့်ရေးစင်တာတစ်ခု တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်းကို မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၂။**

**ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုသည်မှာ မွန်ပြည်နယ်၊ သထုံမြို့နယ်၊ သုဓမ္မဝတီမြို့သစ်တွင် မြို့အဆင့်မီ ခေတ်မီအားကစားကွင်းနှင့် လေ့ကျင့်ရေးစင်တာတစ်ခု တည်ဆောက်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ သိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်၏မဲဆန္ဒနယ် သထုံမြို့သည် ခရိုင်ရုံးစိုက်ရာမြို့တစ်မြို့ဖြစ်ပြီး မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်ကို ဆက်သွယ်ပေးသောလမ်းဆုံလည်း ဖြစ်ပါတယ်။ တစ်ခေတ်တစ်ခါက သမန်းကျား၊ မိုးကြိုး၊ ရွှေဝါထွန်း၊ ဘနှစ် တို့ကဲ့သို့ နိုင်ငံကျော် မြန်မာ့ရိုးရာ လက်ဝှေ့ပညာရှင်များနှင့် အခြားထူးချွန်သော အားကစားပညာရှင်များ မွေးထုတ်ပေးခဲ့ရာ ခရိုင်မြို့တစ်မြို့လည်း ဖြစ်ပါတယ်။ သထုံမြို့နယ်တွင် ခရိုင်အဆင့် အားကစားကွင်းတစ်ခု တည်ရှိသော်လည်း အခြားမြို့နယ်များဖြစ်သော ကျိုက်ထို၊ ဘီးလင်း၊ ပေါင်မြို့နယ်များနှင့် ပေါင်းစပ်၍ အသုံးပြုရခြင်း၊ နှစ်ကာလကြာရှည် ပြန်လည်ပြင်ဆင်၊ မွမ်းမံမှုအားနည်းခြင်း၊ မြို့လယ်တွင်တည်ရှိ၍ အခြားအားကစားနည်းများ အသုံးပြုရန် မြေနေရာ ကျဉ်းမြောင်းခြင်းတို့ကြောင့် သထုံမြို့နယ်အတွက် မြို့နယ်အဆင့်မီ ခေတ်မီအားကစားကွင်းတစ်ခု အသုံးပြုရန် အခြားအားကစားနည်းများနှင့် လေ့ကျင့်ရေးစင်တာတစ်ခု အထူးပင်လိုအပ်လှပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သုဓမ္မဝတီမြို့သစ်သည် သထုံမြို့၏ အရှေ့တောင်ဘက်တွင်တည်ရှိပြီး သထုံမြို့နှင့် (၂)မိုင်ခန့်သာ ကွာဝေးပါတယ်။ ရန်ကုန်-ဘားအံ ကားလမ်းမကြီးဘေးတွင် တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေး အထူးကောင်းမွန်ပါသည်။ ၁၉၈၉ ခုနှစ်တွင် မြို့သစ်အဖြစ် တိုးချဲ့ခဲ့ပြီး ရပ်ကွက်ကြီး(၈)ခုဖြင့် ဖွဲ့စည်းထားပါတယ်။ မြို့၏မြောက်ဘက်တွင် သထုံတာယာစက်ရုံနှင့် ဓာတ်အားပေးစက်ရုံ၊ တောင်ဘက်တွင် အမှတ်(၆၀၆) အမြောက်တပ်မကြီး၊ အရှေ့ဘက်တွင် သထုံ-ဘားအံကားလမ်းမကြီးဘေးနှင့် အနောက်ဘက်တွင် နန့်ဒရွယ်တောင်တန်းများ တည်ရှိပါတယ်။ အိမ်ထောင်စု

(၅၇၃)စု၊ လူဦးရေ(၂၆၃၄)ဦး နေထိုင်လျက်ရှိပါတယ်။ အလျားပေ(၈၀၀)၊ အနံပေ(၆၀၀)ရှိ အားကစားကွင်း အကောင်အထည်ဖော်ရန် မြေကွက်တစ်ခုလည်း လျာထားပြီးဖြစ်ပါတယ်။ မြို့သူ၊ မြို့သားများအနေဖြင့် သုဓမ္မဝတီမြို့သစ်တွင် အားကစားကွင်း မရှိသည့်အတွက် ကျောင်းသားလူငယ်များသည် အိမ်ရှေ့ကွင်းပြင်များ၊ လမ်းမများပေါ်တွင် အားကစားပြုလုပ်နေရပါတယ်။ အဆိုပါ လျာထားမြေပေါ်တွင် မြို့နယ်အဆင့် ခေတ်မီအားကစားကွင်း ပြုလုပ်ပေးနိုင်ပါရန် သထုံမြို့နယ် လွှတ်တော်ကိုယ်စားလှယ်ရုံးသို့ တင်ပြလာကြပါတယ်။ ယခုအခါ ထိုအားကစားကွင်း လျာထားမြေအား မြို့သူ၊ မြို့သားများမှ စုပေါင်း၍ ချုံနွယ်ပိတ်ပေါင်းများကို လူထုအားဖြင့် ရှင်းလင်းခြင်း၊ သထုံမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၏ စက်ယန္တရားများ၊ ကူညီပံ့ပိုးမှုများကြောင့် မြေညှိခြင်းများလည်း ပြုလုပ်နိုင်ခဲ့ပြီ ဖြစ်ပါတယ်။

မွန်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့်လည်း မော်လမြိုင်မြို့တွင် တည်ရှိသော ရာမညကွင်းသည် Southern Myanmar ကဲ့သို့သော မြန်မာနေရှင်နယ်လိဂ် ပြိုင်ပွဲအဖွဲ့အား နှစ်ရှည် ငှားရမ်းထားရခြင်း၊ မော်လမြိုင်တွင် အခြားအားကစားနည်းများအတွက် မြေနေရာရှားပါးခြင်းတို့ကြောင့် သထုံခရိုင်အနေဖြင့် အဆိုပါ မြို့နယ်အားကစားကွင်းနှင့် လေ့ကျင့်ရေးစခန်းများ တည်ဆောက်နိုင်ပါက မွန်ပြည်နယ်တွင် အားကစားအဆင့်အတန်း မြင့်မားလာရေးအတွက် အထောက်အကူပြုမည်ဖြစ်ကြောင်း၊ ပွဲကြည့်စင်၊ ရေစိမ့်မြောင်း၊ Inner-Fencing ဘောလုံးကွင်း (၂၀ x ၁၉)ပေ၊ အားကစားရုံသစ် (၈၀ x ၁၀၀)ပေ၊ လေ့ကျင့်ရေးရုံများ၊ အားကစားအိပ်ဆောင်များကိုပါ မြေနေရာ လုံလောက်သည့်အတွက် ထည့်သွင်းသင့်ပါကြောင်း သဘောထားမှတ်ချက် ပေးခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ မြန်မာနိုင်ငံတွင် သွေးတိုး၊ ဆီးချို၊ ကင်ဆာ ကဲ့သို့သော မကူးစက်နိုင်သောရောဂါများ ဖြစ်ပွားမှုနှုန်းဟာ ကြောက်မက်ဖွယ်ကောင်းလောက်အောင် ကိန်းဂဏန်းများ မြင့်တက်လာခဲ့ပြီဖြစ်ပါတယ်။ ၎င်း Metabolic Diseases များ၏ အခြေခံကုထုံးမှာ ကိုယ်လက်လှုပ်ရှားအားကစားခြင်းပင် ဖြစ်ပါတယ်။ အားကစားသည် နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်စု၏ ကျန်းမာကြံ့ခိုင်မှု၊ ဇွဲလုံ့လဝီရိယကြီးမားမှု၊ စည်းလုံးညီညွတ်မှုတို့ကို ထင်ဟပ်ပေါ်လွင်နိုင်ပါတယ်။ ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိတို့နိုင်ငံ၏ အားကစားအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားလာစေရန် အမျိုးသားရေးအသွင်ဖြင့် အလေးထားဆောင်ရွက်နေသော အချိန်ဖြစ်ရာ ဤမေးခွန်းအား ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဒေါက်တာမြင့်ထွေး(ပြည်ထောင်စုဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ အားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံပါစေကြောင်း ပထမဦးစွာ ဆုမွန်ကောင်း

တောင်းအပ်ပါတယ်။ ကျွန်တော်ကတော့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ဒေါက်တာမြင့်ထွေး ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ကချင်ပြည်နယ် အမှတ်(၅)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးယောနာ ၏ ဆော့လော်မြို့နယ်၊ လာချင်ကျေးရွာအုပ်စု၊ လာချင်ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနတစ်ခု ဖွင့်လှစ်ပေးရန်ကိစ္စနှင့် ပတ်သက်၍ ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော်တို့ ကချင်ပြည်နယ် ဆော့လော်မြို့မှာဆိုလို့ရှိရင် ကျေးလက်ကျန်းမာရေးဌာန (၁)ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲ(၁)ခု၊ မိခင်နှင့်ကလေးကျန်းမာရေးဌာန(၁)ခု၊ နယ်စပ်ဆေးပေးခန်းဌာန(၁)ခုရှိပါတယ်။ ပြည်သူ့ကျန်းမာရေးနှင့် ပတ်သက်လို့တော့ ကျန်းမာရေးမှူး(၁)ဦး၊ လက်ထောက်ကျန်းမာရေးမှူး(၁)ဦး၊ သားဖွားဆရာမ(၃)ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်-၂(၄)ဦးနှင့် လူဦးရေ (၅၀၀၀)၊ (၆၀၀၀)နီးပါးကို ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ဝန်ဆောင်ပေးလျက်ရှိပါတယ်။ ကျွန်တော်တို့အနေနဲ့ ဒီ လာချင်ကျေးရွာအုပ်စု၊ လာချင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန ဖွင့်ဖို့ကိစ္စကို ဆန်းစစ်ကြည့်တဲ့အခါမှာတော့ နာမည်က ပြည်ထဲရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နေပြည်တော်အတွင်းရှိ ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုမှ စာအုပ်မှာ လာချင်ဟု ဖော်ပြထားသောကျေးရွာကတော့ ဒေသအခေါ်အရ လန်ဆယ်ကျေးရွာ ဖြစ်တာကိုလည်း ကျွန်တော်တို့ တွေ့ရပါတယ်။

ကျွန်တော်တို့ လာချင် သို့မဟုတ် လန်ဆယ်ကျေးရွာဟာ လက်ရှိ ကျွန်တော်တို့ ဂျာရန်ကျေးလက်ကျန်းမာရေးဌာနအောက်မှာရှိတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။ ဆော့လော်မြို့နယ်သည် ဂျာရန်ကျေးလက်ကျန်းမာရေးဌာန တစ်ခုတည်းသာရှိပြီး ကျွန်တော်တို့ ဝန်ထမ်းအင်အား ခွင့်ပြု (၁၅)ဦးနဲ့ ကျွန်တော်တို့ တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။ ကျွန်တော် မြေပုံမှာ ပြန်ကြည့်လိုက်တဲ့အခါမှာ လာချင်ကျေးရွာသည် ဂျာရန်ကျေးလက်ကျန်းမာရေးဌာနနဲ့ (၉၅)မိုင်ခန့်ဝေးပြီး ခြေလျင်ခရီးနဲ့ သွားရတာကို တွေ့ရပါတယ်။ အဲဒါကြောင့် ကျွန်တော့်အနေနဲ့ ဒါ အရေးကြီးတဲ့ ကိစ္စဖြစ်တဲ့အပြင် ၂၀၁၆ ခုနှစ်တုန်းကလည်း ဒီနေရာမှာဆိုရင် ရေဘေးဒဏ်တွေ၊ သဘာဝဘေးဒဏ်တွေ ကြုံတွေ့တဲ့ ဒေသဖြစ်တဲ့အတွက် ကျွန်တော်တို့ ပြည်နယ်တိုင်းဦးစီးမှူးကို မေးကြည့်တဲ့အခါမှာလည်း ပြည်နယ်တိုင်းဦးစီးမှူးက ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုတော့ အမြန်ဆုံး ဖွင့်လှစ်သင့်ကြောင်း ကျွန်တော်တို့ကို တင်ပြထားပါတယ်။

ထို့ကြောင့် ကျွန်တော့်အနေနဲ့ ဒီ လာချင်(လန်ဆယ်)ကျေးရွာမှာ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်လှစ်မယ်ဆိုတာကို ဒီကိစ္စအတွက်ကို ကျွန်တော်တို့ ဆက်လက်ဆောင်ရွက်မှာပါ။ အမြန်ဆုံး၊ ပထမဆုံး ဒီ ကျွန်တော်တို့ စီမံကိန်းနှင့် ဖွဲ့စည်းပုံ စိစစ်ရေးအဖွဲ့ကိုတင်မယ်။ ပြီးရင် ရသုံးမှန်းခြေတင်မယ်။ ပြီးရင် အစိုးရအဖွဲ့ရုံးတင်ပြီးတော့၊ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး တင်ပြီးတော့ အမြန်ဆုံး ကျွန်တော်တို့ လုပ်ပေးမှာဖြစ်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ဆက်တည်း တင်ပြလိုတာကတော့ ဒီမှာ ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ဖို့ မူ(၆)ချက် ရှိပါတယ်။ (၆)ချက်မှာလည်း အဓိက(၄)ချက်နဲ့ ကိုက်ညီတဲ့အတွက် ဒါဖွင့်ဖို့ရာ ကျွန်တော်တို့က ကျွမ်းကျင်မှုပိုင်းဆိုင်ရာမှာ ဒါထောက်ခံပါတယ်။ အခု ကျွန်တော် ဒီမှာ တင်ပြချင်တာကတော့ တစ်ပြည်လုံးမှာရှိတဲ့ ကျွန်တော်တို့ ကျေးလက်ကျန်းမာရေးဌာနနဲ့ ဌာနခွဲတွေကို GIS နဲ့ အကုန်လုပ်ပြီးသွားပါပြီ။ ကြည့်လိုက်တယ်

ဆိုလို့ရှိရင် သူတို့သည် တကယ့်ဖြစ်သင့်တဲ့နေရာမှာ ဖြစ်သလား။ ထပ်ဆောက်သင့်သလား။ ခွဲကနေပြီးတော့ ကျေးလက်ကျန်းမာရေးဌာန တိုးတယ်ဆိုတာကို တစ်ပြည်လုံးအတိုင်းအတာနဲ့ သိမှာပါ။ အဲဒီတော့ လာမယ့်နှစ်တွေ၊ လာမယ့် လတွေ၊ နှစ်တွေမှာဆိုရင်တော့ ကျွန်တော် ဒါတွေကို သေချာ Plan လုပ်ပြီးတော့ ဘယ်ကျေးလက်ကျန်းမာရေးဌာနခွဲသည် ကျေးလက်ကျန်းမာရေးဌာနအဖြစ် လုပ်သင့်တယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲအသစ် လုပ်သင့်သလား၊ ကျေးလက်ကျန်းမာရေးဌာန လုပ်သင့်သလားဆိုတာလည်း အကုန်ထွက်လာမှာ ဖြစ်ပါတယ်။ အဲဒါဆိုလို့ရှိရင် ကျွန်တော်တို့က အဆင့်လိုက်၊ အဆင့်လိုက် ကျွန်တော်တို့ ဦးစားပေးအဆင့်နဲ့ ကျွန်တော်တို့ အစိုးရအဖွဲ့အဆင့်ဆင့်ကို တင်ပြီးဆောင်ရွက်ပေးမှာဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးယောနာ မေးတဲ့ မေးခွန်းကို ကျွန်တော်တို့ ဖွင့်ပေးပါမယ်။ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု အမြန်ဆုံးဖွင့်လှစ်ပေးဖို့ စတင်ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ဧရာဝတီတိုင်းဒေသကြီး အမှတ်(၄)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးထိန်ဝင်း ၏ မေးခွန်းဖြစ်တဲ့ ဟင်္သာတခရိုင်၊ ဇလွန်မြို့နယ်၊ မြစ်ဝကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအား ကျေးလက်ကျန်းမာရေးဌာနအဖြစ်သို့ အဆင့်တိုးဖို့ တင်ပြခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီ ဇလွန်မြို့နယ်မှာ ကြည့်လိုက်တဲ့အခါမှာ ကျွန်တော်က တိုက်နယ်ကျန်းမာရေးဌာနပေါ့။ ကျွန်တော် Station Health Unit (၄)ခုရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန (၇)ခုရှိပါတယ်။ ဌာနခွဲ (၃၄)ခုရှိပါတယ်။ မိခင်နှင့်ကလေးဌာနခွဲ (၁)ခုရှိပါတယ်။ အဲဒီတော့ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ လွန်ခဲ့တဲ့ (၂)လ၊ (၂)လခွဲလောက်က ဒုတိယပါမောက္ခချုပ်နဲ့ ကျွန်တော် ဖုန်းလည်းပြောပါတယ်။ သူ အကုန်လုပ်ထားတာ ပြောတဲ့အတွက် ကျွန်တော် တိုင်းဦးစီးမှူးကိုလည်း သွားကြည့်တဲ့အခါကျတော့ ဒုတိယဦးစီးမှူး(၁)ယောက်သွား ကြည့်ပြီးပါပြီ။ ဒီမှာ ဆောက်တဲ့နေရာမှာ၊ အဲဒီတော့ ဒီနေရာမှာ ကျွန်တော် ပြန်ပြီးလေ့လာသုံးသပ်တဲ့အခါမှာတော့ ပြည်သူ့ကျန်းမာရေးအနေနဲ့ကတော့ လက်ထောက်ကျန်းမာရေးမှူး(၈)ဦး၊ မြို့နယ်သူနာပြု(၁)ဦး၊ ပြည်သူ့ကျန်းမာရေးကြီးကြပ်(၁)ဦး၊ နောက် အမျိုးသမီးကျန်းမာရေးဆရာမ(၆)ဦး၊ သားဖွားဆရာမ(၅၁)ဦး၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ်-၂(၄၅)ဦးနဲ့ လူ (၁၈၀,၀၀၀)လောက်ကို ကျွန်တော်တို့ ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။ အဲဒီတော့ ဇလွန်မြို့နယ်ဟာ မြစ်ဝကျေးလက် ကျန်းမာရေးဌာနခွဲဟာဆိုလို့ရှိရင် ကျွန်တော်တို့ ရေလဲကျေးလက်ကျန်းမာရေးဌာန အောက်မှာရှိတဲ့ ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခုအဖြစ်ရှိပြီးတော့ ကျေးရွာ(၂၂)ရွာ၊ အိမ်ခြေ(၃,၃၅၀)ကျော်၊ လူဦးရေ(၁၅,၀၀၀)နီးပါးကို လုပ်တယ်။ ပြန်လည်သုံးသပ်တဲ့အခါမှာ ဘာသွားတွေ့လဲဆိုတော့ မြေနေရာလည်းရှိပါတယ်။ (၂.၅)ဧက၊ ဒီ အဆောက်အဦကလည်း လှူထားပါတယ်။ (၇၅ x ၈၀)ပေ။ နောက် ကျန်းမာရေးဌာနကတော့ မလွှဲပြောင်းရသေးဘူးလို့ ပြောပါတယ်။ ဒါပေမဲ့ လွှဲပြောင်းတာက ဘာမှမခက်ပါဘူး။ အဲဒါ ကျွန်တော်တို့ လုပ်မယ်။ နောက်ခုနက လွှတ်တော်ကိုယ်စားလှယ်ကြီးပြောတဲ့ မီးစက်၊ ရေစက်လည်း အကုန်ရှိပါတယ်။ ကျွန်တော်သွားကြည့်ခိုင်းတာမှာလည်း ဒါ အားလုံးတွေ့ပါတယ်။

နောက်တစ်ခုက ကျွန်တော်တို့က ကျေးလက်ကျန်းမာရေးဌာနအဖြစ် ဖွင့်လှစ်ဖို့အတွက် အခြေခံမူ(၅)ချက်နဲ့လည်း လုံးဝကိုက်ညီတာတွေ့တဲ့အပြင် ကျွန်တော် သွားကြည့်ခိုင်းတဲ့ တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးကလည်း ဒါ ထောက်ခံပြီး တင်ပြထားတဲ့အတွက် ဒီနေရာမှာ အဆင့်ဆင့်ပေါ့၊ စီမံကိန်းနှင့် ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့ကို ကျွန်တော်တို့ လုပ်လိုက်ပါပြီ။ ၁၂-၆-၂၀၁၇ ရက်နေ့က ကျွန်တော်တို့ စာအမှတ် စ၁မခ(ဃ)၂၀၁၇/၉၈၄၈ နဲ့ ကျွန်တော်တို့ ညှိနှိုင်းတောင်းခံထားပြီးပြီ ဖြစ်ပါတယ်။ ပြန်ကျလာလို့ရှိရင် အဆင့်ဆင့်၊ ကျွန်တော်တို့ အစိုးရ Cabinet အစည်းအဝေးလုပ်ပေးပါမယ်။ ဒါ လှူထားတာ ဒုတိယပါမောက္ခချုပ် ဆရာတော်ဘုရားက လှူထားတာလည်း တော်တော်ကြာပါပြီ။ ကျွန်တော့်ကိုလည်း စင်ကာပူက သူ့ရဲ့တပည့်တွေက ဖုန်းဆက်ပါတယ်။ ဆရာဝန်တွေက။ အဲဒီတော့ ဒါကိုတော့ နံပါတ်တစ် ဦးစားပေးအနေနဲ့ ကျွန်တော်တို့ Follow up ပေါ့လေ။ လိုက်ပြီးတော့ အမြန်ဆုံးရအောင် လုပ်ပေးမယ်ဆိုတာ လေးစားစွာ ဖြေကြားအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ကျွန်တော့်အနေနဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ် အမှတ်(၁၀) မဲဆန္ဒနယ်မှ ဦးကျော်သန်း ၏ မေးခွန်းဖြစ်တဲ့ ကျောက်ဖြူမြို့နယ်၊ ရွှေညို့မအုပ်စု၊ ကွမ်းချောင်းကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲတစ်ခု ဖွင့်ပေးတဲ့ကိစ္စ ဖြေကြားမှာ ဖြစ်ပါတယ်။ ကျွန်တော် တို့ ကျောက်ဖြူမြို့နယ်မှာ သွားကြည့်တဲ့အခါမှာ တိုက်နယ်ကျန်းမာရေးဌာန Station Health Unit (၂)ခု ရှိပါတယ်။ ကျေးလက်ကျန်းမာရေးဌာန(၆)ခု၊ ဌာနခွဲ(၃၄)ခုရှိပါတယ်။ မိခင်နှင့်ကလေး(၁)ခု၊ ကျောင်းကျန်းမာရေးဌာန(၁)ခုရှိတာကို ကျွန်တော်တို့ သွားတွေ့ပါတယ်။ ပြည်သူ့ကျန်းမာရေးနှင့် ပတ်သက်ပြီးတော့ ကျန်းမာရေးဝန်ဆောင်မှုအနေနဲ့ ကျန်းမာရေးမှူး(၁)ဦး ရှိပါတယ်။ မြို့နယ်သူနာပြု(၂)ဦး ရှိပါတယ်။ လက်ထောက်ကျန်းမာရေးမှူး(၆)ဦး၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ်-၁(၃)ဦး၊ အမျိုးသမီးကျန်းမာရေးဆရာမ(၇)ဦး၊ သားဖွားဆရာမ(၄၉)ဦး၊ ပြည်သူ့ကျန်းမာရေး ကြီးကြပ်-၂(၃၈)ဦးနဲ့ (၁၀၆,၀၀၀) ကျော်သောပြည်သူများကို ဝန်ဆောင်မှုပေးလျက်ရှိပါတယ်။

ကျွန်တော်တို့ ဒီ ကျောက်ဖြူမြို့နယ်၊ ကွမ်းချောင်းကျေးရွာဟာ မင်းဂံကျေးလက်ကျန်းမာရေးဌာန၊ ကျောက်ကြီးပြင် ကျေးလက်ကျန်းမာရေးဌာနခွဲအောက်မှာရှိတဲ့ ရွာတစ်ရွာ ဖြစ်ပါတယ်။ ကျွန်တော် ဒီမှာ ပြန်ကြည့်တဲ့အခါမှာ ဒီ ကျေးလက်ကျန်းမာရေးဌာနခွဲဖြစ်ဖို့ မူ(၆)ချက်ရှိပါတယ်။ မူ(၆)ချက်မှာလည်း အဓိကဖြစ်တဲ့ မူကြီး(၄)ချက်နဲ့ ကိုက်ညီတာကို သွားတွေ့ပါတယ်။ ထို့ပြင် ဒီမှာ Sub Center ပေါ့လေ။ ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်မယ်ဆိုရင်တော့ ကျေးရွာပေါင်း(၇)ရွာ၊ အိမ်ခြေ (၁၄၀၀)ကျော်၊ လူဦးရေ(၇၀၀၀)နီးပါးကိုလည်း ကျွန်တော်တို့ ဒါ ကျန်းမာရေးဝန်ဆောင်မှု ပေးနိုင်မှာဖြစ်ပါတယ်။ အဲဒါကြောင့် ကျွန်တော်တို့အနေနဲ့ကတော့ ဒီကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်တစ်ခု တိုးချဲ့ဖွင့်လှစ်တာလို့ ကျွန်တော်တို့ မြင်ပါတယ်။ ဒီမှာလည်း ဘေးနားက ရွာတွေသွားတာတော်တော်ကြာပါတယ်။ ရေလမ်းနဲ့၊ ကျွန်တော်တို့ ဒီမှာ မြေပုံနဲ့ ကျွန်တော် သေချာရှိပါတယ်။ အားလုံးကျွန်တော်တို့ GIS လုပ်ထားတာကြည့်တဲ့အခါမှာ တော်တော်ဝေးပါတယ် ကျန်တာတွေနဲ့ သွားမယ်ဆိုလို့ရှိရင်လည်း ဒီဘက်က အကုန် ကျောက်ဖြူအထိသွားရတာ၊ ရေလမ်းခရီးကသွားရတာ မလွယ်ပါဘူး။ နောက်တစ်ချက်က ဒီမှာ ကွမ်းချောင်းကျေးရွာမှာ ယာယီဆေးပေးခန်း အဆောက်အဦတစ်ခု

ကိုလည်း ကျေးလက်ပြည်သူများ လှူဒါန်းထားပြီးဖြစ်တဲ့အတွက် ကျွန်တော်တို့ ဒီကိစ္စအနေနဲ့ ဆက်လက်ပြီး ဆောင်ရွက်မှာပါ။ အမျိုးသားကျန်းမာရေးစီမံကိန်းညှိနှိုင်းမှု၊ ဖွဲ့စည်းပုံ၊ ရသုံးမှန်းခြေ အကုန် အဆင့်ဆင့်တင်ပြီး ကျွန်တော် လုပ်ပေးမှာပါ။ အဲဒီတော့ ဒီနေရာမှာ အချုပ်ကတော့ ဒီကိစ္စမှာလည်း ကျွန်တော် ဆောင်ရွက်ပေးမှာပါ။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ဟေး ၏ မေးခွန်းဖြစ်တဲ့ ဟားခါးမြို့ ပြည်သူ့ဆေးရုံတွင် လစ်လပ်ပြီး အရေးတကြီး လိုအပ်နေသော အထူးကုဆရာဝန်၊ သမားတော်နှင့် လက်ထောက်ဆရာဝန်များ ခန့်ထားပေးနိုင်ခြင်း ရှိ/မရှိနှင့် ပတ်သက်ပြီးတော့ ဖြေကြားမှာ ဖြစ်ပါတယ်။

ကျွန်တော့်အနေနဲ့ ဒီမှာ ပြန်ကြည့်တဲ့အခါမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ကတော့ ဒီမေးခွန်းကိုမေးတာ ဇန်နဝါရီလ ၂၂ ရက်နေ့က တင်ထားတဲ့ မေးခွန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒီဟားခါးဆေးရုံကြီးမှာ ၂၀၁၇ ခုနှစ်၊ ဒီဇင်ဘာလ နောက်ပိုင်းကနေပြီးတော့ အခုအချိန်ထိပေါ့နော်။ ကျွန်တော်တို့က အထူးကုဆရာဝန်ကြီး (ဆေးပညာ)(၁)ဦး ပို့ထားပြီးပါပြီ။ လက်ထောက်ဆရာဝန်(ကလေးအထူးကု) ပို့ထားပြီးပါပြီ။ လက်ထောက်ဆရာဝန် (ခွဲစိတ်) (၁)ဦး ပို့ထားပြီးပါပြီ။ လက်ထောက်ဆရာဝန်(သားဖွားမီးယပ်)(၁)ဦး ပို့ထားပြီးပါပြီ။ စုစုပေါင်း အထူးကုဆရာဝန် (၄)ဦး၊ လက်ထောက်ဆရာဝန်(၁၂)ဦးနှင့် ကျွန်တော်တို့ လုပ်လျက်ရှိပါတယ်။ ဒီနေရာမှာ ကျွန်တော် ဒီဟာတွေကိုပေးတယ်။ သို့သော် ကျွန်တော်တို့ ပြန်ကြည့်ပါတယ်။ ပြန်ကြည့်တဲ့အခါမှာ ဘာသွားတွေ့သလဲ ဆိုလို့ရှိရင် ဟားခါးဆေးရုံကြီးက ခုတင်(၂၀၀)မှန်ပါတယ်။ သို့သော် လူဦးရေ၊ လူနာနဲ့ ကြည့်တဲ့အခါမှာ ဒီလောက်မများပါဘူး။ မများဘူးဆိုတာက တစ်နေ့ပျမ်းမျှ ဆေးရုံအတွင်းလူနာ ဦးရေက (၈၂)ဦးပဲ ရှိပါတယ်။ ဆိုလိုတာက ၂၀၁၃ ခုနှစ်ကနေပြီးတော့ ၂၀၁၇ ခုနှစ်အထိကို နှစ်စဥ် တစ်နေ့ကို ဆေးရုံအတွင်းလူနာက (၄၃)ဦး၊ (၇၇)ဦး၊ (၉၇)ဦး၊ (၈၃)ဦး၊ (၈၂)ဦးပဲရှိပါတယ်။

ထို့အပြင် တစ်နေ့ပျမ်းမျှ အပြင်လူနာကလည်း ၂၀၁၃ ခုနှစ်ကနေ ၂၀၁၇ ခုနှစ်အထိဆိုရင် (၄၇)ဦး၊ (၉၀)ဦး၊ (၁၀၉)ဦး၊ (၉၄)ဦး၊ (၁၀၇)ဦးရှိပါတယ်။ ဆေးရုံခုတင်အသုံးပြုမှုက အင်မတန်အရေးကြီးပါတယ်။ ခုတင်က (၂၀၀)ဖြစ်ပါတယ်။ ဒီခုတင်(၂၀၀)မှာ ဘယ်လောက်သုံးသလဲ ပြန်ကြည့်တဲ့အခါမှာ ၂၀၁၃ ခုနှစ်တုန်းက (၂၂)ရာခိုင်နှုန်း၊ ၂၀၁၄ ခုနှစ်တုန်းက (၃၉)ရာခိုင်နှုန်း၊ ၂၀၁၅ ခုနှစ်မှာ (၄၈)ရာခိုင်နှုန်း၊ ၂၀၁၆ ခုနှစ်မှာ (၄၂)ရာခိုင်နှုန်း၊ ၂၀၁၇ ခုနှစ်မှာ (၄၁)ရာခိုင်နှုန်းပဲ ရှိပါတယ်။ အဲဒီတော့ ကျွန်တော်တို့ ကြည့်ပါတယ်။ ဆေးရုံတက်တဲ့ ခုတင်က (၂၀၀)ဆိုလို့ရှိရင် တစ်နှစ်မှာ (၃၆၅) ရက် ရှိတဲ့အတွက် ခုတင်ရက်ပေါင်းသည် (၇၃,၀၀၀)ရှိပါတယ်။ သို့သော် ဒီဆေးရုံမှာ ၂၀၁၇ ခုနှစ်မှာ တက်တဲ့ခုတင်ရက်ပေါင်းကို ကြည့်တဲ့အခါမှာ (၂၉,၈၆၅)၊ (၃၀,၀၀၀)ပဲ ထားပါတော့၊ ထက်ဝက်တောင် မရှိပါဘူး။ ဆိုလိုတာက ခုတင်သည်(၂၀၀)ရှိသော်လည်း လူနာမပြည့်ပါဘူး။ မပြည့်ဘူးဆိုတာ တစ်ခုတော့ ရှိပါတယ်။ အရင်တုန်းက ဆရာဝန်မရှိလို့ မပြည့်တာလည်း ဖြစ်နိုင်ပါတယ်။ အခုတော့ ကျွန်တော်တို့ ဒီဆရာဝန်တွေကို အကုန်ဖြည့်လိုက်တဲ့အခါမှာတော့ ပိုများလာမယ် ထင်ပါတယ်။ ဒီနေရာမှာ ကျွန်တော် တစ်ခုတင်ပြချင်တာကတော့ အရင်တုန်းက ကျွန်တော်တို့ ဆေးကျောင်းတွေကို အစိုးရမတက်ခင်တုန်းက

ဆေးကျောင်းမှာ (၃)ရာခိုင်နှုန်းကို ခက်ခဲဒေသ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အဲဒါကို ထပ်ပြီးတော့ အပို ဆောင်းပေးပါတယ်။ အရင်တုန်းက (၃)ရာခိုင်နှုန်းပဲ ပေးပါတယ်။ ကျွန်တော် ဒီအစိုးရအသစ် လက်ထက်မှာ (၆)ရာခိုင်နှုန်း တက်လိုက်ပါပြီ။ မနှစ်က၊ ဒီနှစ်မှာ (၁၀)ရာခိုင်နှုန်း တက်ပါမယ်။ ဆိုလိုတာက ဆရာဝန်(၁၀၀)ခေါ်လို့ရှိရင် ချင်းပြည်နယ်က (၁၀)ယောက်ထိ တက်ပါတယ်။ ဒီ(၁၀)ယောက်ရဲ့ အမှတ်စာရင်းသည် ဒီတက်တဲ့ ဟိုအမှတ်စာရင်းနဲ့ မဆိုင်ပါဘူး။ ချင်းပြည်နယ်မှာပဲ ကျွန်တော် ပြန်လုပ်တယ်။ အလားတူပါပဲ။ ဒါ ချင်းပြည်နယ် တစ်ခုတည်း မဟုတ်ပါဘူး။ အားလုံး တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံး ကိုးကန့်၊ 'ဝ'၊ ပလောင်၊ ပအိုဝ်း၊ ဓနု၊ နာဂ၊ အကုန် မကွေး၊ တနင်္သာရီ၊ စစ်ကိုင်း အကုန်လုံးက ကရင်၊ ကချင်၊ ကယားမှာရှိတဲ့ ခက်ခဲတဲ့ဒေသက ဆရာဝန်တွေ၊ ဒါမှသာလျှင် ဒီဆရာဝန်တွေရှိမှာ။ အခု အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး ပြောသည့်အတိုင်း မသွားဘူးဆိုတာက ပြည်မကလူတွေက၊ ဒါတော့ အမှန်အတိုင်းပဲ အကြာကြီးမဟုတ်ပါဘူး။ သို့သော် ကျွန်တော် အခုလောလောဆယ်က တစ်နှစ်ပဲထားပါတယ်။ ချင်းပြည်နယ်၊ အထူးသဖြင့် ချင်းပြည်နယ်၊ ဟားခါး၊ ဖလမ်း၊ တီးတိန်မှာ တစ်နှစ်ထားပြီးတာနဲ့ ကျွန်တော် ပြန်ခေါ်ပါတယ်။

အဲဒီတော့ ဒီဆရာဝန်တွေသာ ထွက်လာမယ်ဆိုလို့ရှိရင် ချင်းပြည်နယ်ရဲ့ လိုအပ်ချက်က တော်တော်ဖြည့်ဆည်းပေးနိုင်မယ် ဖြစ်ပါတယ်။ ပြန်ကြည့်တဲ့အခါမှာ ၂၀၁၂ ခုနှစ်က စပြီးတော့ ထပ်ပြီးတော့တိုးပေးတာ ချင်းပြည်နယ်ဟာ သပ်သပ်ပေါ့လေ။ (၅)ဦး။ ၂၀၁၃ ခုနှစ်မှာ (၈)ဦး၊ ၂၀၁၄ ခုနှစ်မှာ (၁၀)ဦး၊ ၂၀၁၅ ခုနှစ်မှာ (၁၀)ဦး၊ ၂၀၁၆ ခုနှစ်မှာ (၁၀)ဦး၊ ၂၀၁၇ ခုနှစ်မှာ (၇)ဦး စုစုပေါင်း ဆရာဝန် သင်တန်းတက်တွေ ချင်းပြည်နယ်ခက်ခဲဒေသမှာ (၅၀)ရှိပါတယ်။ အခု ၂၀၁၂ ခုနှစ်က တက်တဲ့(၅)ဦးဟာ မကြာခင် ထွက်မှာပါ။ အလုပ်သင်ဆရာဝန်ပြီးရင် ချင်းပြည်နယ်ပဲ ပြန်သွားရမှာ။ နောက်တစ်ခါ ဖြတ်၊ နောက်(၈)ယောက်တက်မယ်။ (၁၀)ယောက်တက်မယ်။ (၁၀)ယောက်၊ (၁၀)ယောက်၊ (၇)ယောက် နောက် ခုဆိုလို့ရှိရင် ထပ်ထပ်ပြီးတော့ ပိုထွက်မှာပါ။ ဒါကတော့ ကျွန်တော် ချင်းပြည်နယ် အတွက် အကုန်စာရင်းဇယားတွေ အတိအကျ ရရှိပါတယ်။ ကျွန်တော်တို့ ဒီမှာ ကြည့်မယ်ဆိုလို့ရှိရင် ထပ်ပြီး တိုးတဲ့ဟာမှာဆိုလို့ရှိရင် စစ်ကိုင်း၊ ချင်းနဲ့ မကွေးက တော်တော်လေး အများကြီး တက်ခွင့် ရှိပါတယ်။ ဒါကလည်း ကျွန်တော် ဆက်လုပ်မယ်။ (၁၀)ရာခိုင်နှုန်း လုပ်မယ်။ လာမယ့်နှစ်မှာ၊ လိုအပ် လို့ရှိရင် ကျွန်တော် ဆက်တင်ဦးမယ်။ ဒါမှသာလျှင် ကျွန်တော်တို့ ခက်ခဲတဲ့ဒေသကို ဆရာဝန်တွေ သွားမယ်။ မဟုတ်လို့ရှိရင် မသွားပါဘူး။ သူတို့အနေနဲ့သွားပြီးရင် တစ်သက်လုံး လုပ်ခိုင်းတာ မဟုတ်ပါဘူး။ အနည်းဆုံး (၃)နှစ် သို့မဟုတ် (၄)နှစ် လုပ်ရမယ်။ ပြီးလို့ရှိရင် သူတို့ကြိုက်တဲ့နေရာ တဖြည်းဖြည်း ပြည်မကို ပြန်ပို့မှာပါ။ ဒီဟာကို ကျွန်တော်တို့ အစီအစဉ်အတိုင်း သွားမယ်ဆိုတာ ဒါဆိုလို့ရှိရင် နောက်ပိုင်းမှာ ခက်ခဲတဲ့ဒေသမှာ ဆရာဝန်နည်းတယ်ဆိုတာ ရှင်းသွားမှာပါ။ ဆရာဝန်တင် မကပါဘူး။ ကျွန်တော်တို့က ဒီ ခက်ခဲဒေသမှာဆိုရင် သူနာပြုသားဖွားမှာဆိုလို့ရှိရင် ကျောင်း(၅၀)မှာ 5 to 10 percent အပိုထပ်ဆောင်းပေးပါတယ်။

ထို့အပြင် ကျွန်တော်တို့ ဒီနှစ်မှာ ဘာစလုပ်တော့မလဲဆိုတော့ ဆေးဘက်၊ ဓာတ်မှန်၊ ဆေးဝါး၊ Physiotherapist ဆိုတော့ ဒီ Physiotherapist ဆိုတာ အဲဒီမှာလည်း (၃)ရာခိုင်နှုန်း ထပ်ဆောင်းမယ်။ အရင် လုံးဝမဆောင်းပါဘူး။ ထို့အပြင် ကျွန်တော်တို့ သွားဘက်မှာလည်း သွားဆရာဝန်တွေ (၃)ရာခိုင်နှုန်း

ထပ်ဆောင်းပေးပါမယ်။ ဒါ ကျွန်တော်တို့ (၃)ရာခိုင်နှုန်းဆိုတာ ဒီလောက်ထားသော်ငြားလည်း ကျွန်တော့်အနေနဲ့ နီးကပ်မယ်ဆိုလို့ရှိရင် (၃) ရာခိုင်နှုန်းတော့ မထားဘူး ကျွန်တော် အခုဒီမှာပဲ တစ်ခါတည်းစဉ်းစား မိတာကတော့ အနည်းဆုံး (၅)ရာခိုင်နှုန်းလောက်ထားမှပဲ (၃) ရာခိုင်နှုန်း ဆိုတာသိပ်မရှိပါဘူး။ အဲဒီတော့ (၅)ရာခိုင်နှုန်း လောက်အထိ ကျွန်တော်တို့ ထပ်ဆောင်းပေးမယ်။ ဒါမှသာလျှင် ချင်းပြည်နယ်မှာရှိတဲ့ ခတ်မှန်ကျွမ်းကျင်သူ၊ ဆေးဝါးကျွမ်းကျင်သူ၊ ဒီ ကိုယ်လက် Physiotherapist တွေက ပိုပြီးရှိမှာ ဖြစ်ပါတယ်။ ဒါကတော့ ကျွန်တော်တို့ ရေရှည်မှာ အများကြီး ကောင်းတဲ့လက္ခဏာ ဖြစ်ပါတယ်။ တစ်ခုပဲ ကျွန်တော် တင်ပြချင်တာကတော့ ဒီ ချင်းပြည်နယ်တို့ ခက်ခဲဒေသတွေကတက်တဲ့ (၁၀)တန်းအောင်တဲ့ ကျောင်းသားတွေကတော့ သူများနဲ့မတူ ပိုပြီးတော့ ကြိုးစားဖို့လိုပါတယ်။ အဲဒါကလည်း လွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး သူတို့ကို ပညာပေးခြင်း၊ ဆွဲဆောင်ခြင်း၊ သွေးဆောင်ခြင်းများကို လုပ်ပေးစေချင်ပါတယ်။

အဲဒီတော့ ကျွန်တော့်အနေနဲ့ကတော့ ဒီ ဟားခါးမှာ တော်တော်လုံလောက်တယ်လို့ ထင်ပါတယ်။ အကယ်၍ ထပ်ပြီးမလုံလောက်ဘူးဆိုလို့ရှိရင်လည်း အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးအနေနဲ့ ကျွန်တော့်ကို ထပ်ပြီးတော့ တယ်လီဖုန်းနဲ့ဖြစ်ဖြစ် ဘာဖြစ်ဖြစ် အကြောင်းကြားလို့ရပါတယ်။ ဒီမှာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြတဲ့အတိုင်း မေ့ဆေး၊ မေ့ဆေးမှာက ရှိတဲ့ မေ့ဆေးဆရာဝန်က ပြည်ပကို ကျွန်တော်တို့ သင်တန်းလွှတ်ထားပါတယ်။ သင်တန်းလွှတ်တဲ့အခါမှာ ကျွန်တော်ဦးစားပေးပါတယ်။ ချင်းပြည်နယ်က မေ့ဆေးဆရာဝန်လွှတ်ထားတဲ့အတွက် လောလောဆယ် မေ့ဆေးအစားထိုးဖို့ မေ့ဆေးဆရာဝန်တစ်ဦးကို ၁၄-၅-၂၀၁၈ ပေါ့။ ဒီနေ့ပဲ ဒီမှာ Order ထွက်ပြီး (၂)လ Attach လုပ်မယ်။ ဟိုဆရာဝန်က August မှာပြန်လာမယ်ဆို ဒါကိစ္စပြတ်ပါပြီ။

နောက်တစ်ချက်က အရိုး။ ခြေကျိုး၊ လက်ကျိုး အရိုးအတွက်ကိုလည်း ဒီ အမိန့်စာ ၁၁ ရက်နေ့က ကျွန်တော် ထုတ်လိုက်ပါပြီ။ သွားပါပြီ။ အဲဒီတော့ ကျွန်တော် မြင်တာကတော့ ဒီ ချင်းပြည်နယ် ဟားခါးမှာ တော်တော်လေးစုံစုံလင်လင်ဖြစ်တယ်။ နောက် လူနာဦးရေလည်းပိုတက်ပြီး ရန်ကုန်ဆင်းရတာတို့၊ မန္တလေးဆင်းရတာတို့လည်း ရှိဖို့နည်းသွားမယ်လို့ ကျွန်တော်ထင်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော့်အနေနဲ့ မွန်ပြည်နယ် အမှတ်(၉)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဇော်လင်းထွဋ် ၏ မေးခွန်းဖြစ်သော သထုံမြို့နယ် သုဓမ္မဝတီမြို့သစ်တွင် မြို့အဆင့်မီ ခေတ်မီအားကစားကွင်းနှင့် လေ့ကျင့်ရေးစင်တာတစ်ခု တည်ဆောက်ပေးရန်ကိစ္စနှင့်ပတ်သက်ပြီး ကျွန်တော်တင်ပြမှာပါ။ ဒီနေရာမှာ ကျွန်တော်တို့ ပြန်လေ့လာတဲ့အခါမှာ ဒီ သထုံမြို့နယ်၊ ထောင်မှူးကျေးရွာအုပ်စု သုဓမ္မဝတီမြို့သစ်စီမံကိန်း အကောင်အထည်ဖော်ရာမှာ စံချိန်မီ အားကစားကွင်းနှင့် လေ့ကျင့်ရေးစင်တာ ဖော်ထုတ်ဖို့အတွက် မြေကွက် ကွင်းအမှတ် (၅၁၃)၊ မြေဧရိယာအကျယ်အဝန်း ပေ (၈၀၀ x ၆၀၀) မြေနေရာကို မြေဂရန်ရရှိတဲ့အတွက်။ အဆင့်ဆင့် ကျွန်တော် လုပ်ပြီးပါပြီ။ နောက်ဆုံးအဆင့် ရောက်ရင်နောက်ဆုံးအဆင့်က ဘာလဲဆိုလို့ရှိရင် အမည်ပေါက်ဂရန်ရရှိဖို့အတွက်ကို မွန်ပြည်နယ်၊ အားကစား

နှင့် ကာယပညာဦးစီးဌာနက ၈-၅-၂၀၁၈ ရက်စွဲပါ စာအမှတ် ၁၁၄/ မြေစာရင်း/၂၀၁၈ ဖြင့် မွန်ပြည်နယ် အစိုးရအဖွဲ့ကို မြေစာရင်းပုံစံ (၁၀၅/၁၀၆) ရေးဆွဲခွင့်ရရှိဖို့အတွက် တင်ပြထားပြီးဖြစ်ပါတယ်။

အဲဒီတော့ ဒီမြေဂရန်ကို ရရှိလာမယ်ဆိုလျှင် ကျွန်တော်တို့ လုပ်ထုံးလုပ်နည်းနဲ့လုပ်ပြီးတော့ အမြန်ဆုံး လုပ်ပေးပါမယ်။ လွှတ်တော်မစခင်မှာဘဲ ဒေါက်တာဇော်လင်းထွဋ် က ကျွန်တော့်ကို ပြောပါတယ်။ အစိုးရအဖွဲ့က ဒါကို သဘောတူတယ်။ အမြန်ဆုံးပေးမယ်ပြောပါတယ်။ ဒါဆိုရင် ကျွန်တော် ဆက်လက်ဆောင်ရွက်ပါမယ်။ ဒီနေရာမှာ တစ်ခု ကျွန်တော်တင်ပြလိုတာက အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ကြီး ဒေါက်တာဇော်လင်းထွဋ် ပြောတာမှန်ပါတယ်။ ကျွန်တော်တို့ နိုင်ငံမှာ ဆီးချို၊ သွေးချို၊ ကင်ဆာတွေများတဲ့အတွက်ကြောင့် ဒီလို အားကစားကွင်းတွေ များများရှိမှသာလျှင် လူတွေ ကျန်းမာမှာဖြစ်ပါတယ်။ ကျွန်တော်လည်း Exercise is Medicine နဲ့ လုပ်နေပါတယ်။

အဲဒီတော့ ဒီနေရာမှာ တင်ပြချင်တာက ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ အား/ကာဘတ်ဂျက်က နည်းတယ်။ နည်းတော့ ကျွန်တော်တို့က ကျန်းမာရေးဘတ်ဂျက်ကနေ (၁၈)ဘီလီယံ ကျွန်တော်တို့ ထပ်ပြီးဆောင်းလိုက်ပါတယ်။ အားကစားနှင့် ကာယပညာဦးစီးဌာနကို ကျန်းမာရေးဘတ်ဂျက်ကပဲ ထပ်ပြီး outdoor Equipment နဲ့ ကျွန်တော်တို့ ပိုက်ဆံထဲကနေ ဝယ်ပြီးပေးပါတယ်။ အားကစားနှင့် ကာယပညာဦးစီးဌာနကို၊ ကျွန်တော်တို့က အားကစားနှင့် ကာယပညာဦးစီးဌာနကလုပ်ပြီး ကျန်းမာမှ သာလျှင် ကျွန်တော်တို့ ဆေးရုံလာမယ့်လူနာ နည်းမှာဖြစ်တဲ့အတွက် နှစ်ဦးနှစ်ဖက် အကျိုးရှိတဲ့အတွက် ကျွန်တော်တို့ ကျန်းမာရေးဘတ်ဂျက်ကို ဟိုဘက်ကို လွှဲပြီးသုံးနေတယ်ဆိုတာကို လေးစားစွာဖြေကြား အပ်ပါတယ်။ ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက် ဖြေကြားပေးတဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီး ဌာန၊ ပြည်ထောင်စုဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

## အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၄၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး (၂၉)ရက်မြောက် ၁၂ - ၉ - ၂၀၁၆ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ပါတယ်။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့ထားသော သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြည်သူ့လွှတ်တော်က ပြန်လည် ပေးပို့လာသော ပြင်ဆင်ချက်ကို ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်(၂)ဦး အမည်စာရင်း တင်သွင်း ထားပါတယ်။

ပထမဦးစွာ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးသန်းစိုး(ခ)သန်းစိုး (ဘောဂဗေဒ) ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံး မင်္ဂလာပါ။ ကျွန်တော်ကတော့ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု ဥပဒေကို ဖြည့်စွက်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ ကျွန်တော် ဆွေးနွေးမယ့် ပုဒ်မတွေကတော့ ဒီမှာ ပုဒ်မ ၂၊ ပုဒ်မ ၃၊ ပုဒ်မ ၄၊ ပုဒ်မ ၅၊ ပုဒ်မ ၇၊ ပုဒ်မ ၈၊ ပုဒ်မ ၁၂၊ ပုဒ်မ ၁၃၊ ပုဒ်မ ၁၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆ ဖြစ်ပါတယ်။ အဲဒီတော့ ပုဒ်မ ၂၅။ ပုဒ်မပေါင်း များစွာဖြစ်တဲ့အတွက် ကျွန်တော့်မှာတော့ အချိန်အနည်းငယ် လိုအပ်မှုရှိတဲ့အတွက် တချို့အရေးမကြီးတဲ့ အပိုင်းတွေကို ချန်လှပ်ပြီးတော့ ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ကျေးဇူးပြု၍ ကျွန်တော့်ကို Power Point တင်ပြခွင့်ပြုပါ။ ပုဒ်မ ၂။ ပုဒ်မ ၂ မှာလည်း ဒီ အရေးကြီးတဲ့ ဒီ ဆန်းသစ်တီထွင်မှုဆိုတဲ့နေရာမှာ လူပုဂ္ဂိုလ်တစ်ဦးတည်းမဟုတ်ဘဲ တချို့နိုင်ငံတွေမှာ တက္ကသိုလ်တွေ၊ သုတေသနအဖွဲ့အစည်းတွေ၊ အသင်းအဖွဲ့တွေကလည်း ပြုလုပ်တဲ့အတွက် ဒီအချက်ကို ထည့်သွင်းခြင်း ဖြစ်ပါတယ်။ ပုဒ်မ ၃။ ပုဒ်မ ၃(စ) အာမခံခြင်းဖြင့်ဆိုတဲ့ စကားလုံးကို ထည့်သွင်း လိုပါတယ်။ နောက် ပုဒ်မ (စ)(ဆ) သုတေသနလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ဆိုတဲ့နေရာမှာ စာတွေ့၊ လက်တွေ့လုပ်ငန်းများအတွက် ဖွံ့ဖြိုးတိုးတက်စေရန်ဆိုတဲ့ ဒီ ကျွန်တော် အနီလေးနဲ့ တားထားတဲ့ဟာက ကျွန်တော် ဖြည့်စွက်လိုတဲ့အပိုင်းတွေ ဖြစ်ပါတယ်။ နောက် ဟောပြောပွဲများ အသိပေးလုပ်ငန်းများ အခါအားလျော်စွာ ကျင်းပရေးဆိုတဲ့ အနီရောင်တားထားတဲ့ဟာလေးက ကျွန်တော် ဖြည့်စွက်လိုတဲ့ အခန်းကဏ္ဍဖြစ်ပါတယ်။

ပုဒ်မ ၄။ ဒီ ပုဒ်မ ၄ မှာကတော့ အရေးကြီးတဲ့အပိုင်းတွေ ပါဝင်လာပြီ ဖြစ်ပါတယ်။ ပုဒ်မ ၄ မှာ ပြည်ထောင်စုအစိုးရအဖွဲ့က (က)(၁)မှာ ပြည်ထောင်စုအစိုးရအဖွဲ့က တာဝန်ပေးအပ်သည့် ပြည်ထောင်စု အဆင့် ပုဂ္ဂိုလ်တစ်ဦးဆိုတော့ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်တစ်ဦးလို့ ဆိုလိုလိုက်တာနဲ့ ဒါ ဝန်ကြီး၊ ကော်မရှင်၊ လွှတ်တော်အသီးသီးက ကိုယ်စားလှယ်တစ်ဦးကိုပဲ ရည်ညွှန်းသလို ဖြစ်နေမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ပြည်ထောင်စုအဆင့်ကိုဖြုတ်ဖို့ ကျွန်တော် ရည်ညွှန်းဖြည့်စွက်ပြီး ဆွေးနွေးရခြင်း ဖြစ်ပါတယ်။ ဒီနေရာမှာ ဒီကောင်စီတွေဖွဲ့လိုက်လို့ရှိရင် ကျွန်တော်တို့ဆီမှာရှိတဲ့ နိုင်ငံရဲ့ အနေအထားအရဆိုရင်၊ ဒီနိုင်ငံရဲ့ တည်ဆောက်ရေး ရှုထောင့်ကနေကြည့်မယ်ဆိုရင် ဒီ အေဂျင်စီတွေ တော်တော်များများမှာ အစိုးရအဖွဲ့ရဲ့ လူတွေကိုပဲ ထည့်သွင်းထားတာများပါတယ်။ ဥပမာ ကောင်စီမှာဆိုရင် အစိုးရအဖွဲ့ ဝန်ကြီးက (၁)ဦး၊ အတွင်းရေးမှူးက အမြဲတမ်းအတွင်းဝန်၊ တွဲဖက်အတွင်းရေးမှူးက ညွှန်ကြားရေးမှူးချုပ် ဆိုတဲ့ဟာမျိုးတွေက ဥပဒေတော်တော်များများမှာ တွေ့နေရပါတယ်။

ဒါကြောင့်မို့ နိုင်ငံတော်တည်ဆောက်ရေးရှုထောင့်က ကြည့်မယ်ဆိုရင် အေဂျင်စီဆိုတာနဲ့ ဆက်စပ်နေတဲ့ ဥပဒေတော်တော်များများဟာ အစိုးရအဖွဲ့ကလူတွေပဲ ပြန်ပြီးတော့ အတွင်းရေးမှူး၊ ဥက္ကဋ္ဌတွေပဲ နေရာယူတယ်ဆိုတဲ့ ပုဒ်မတွေဟာ အမြဲတမ်း တွေ့တွေ့နေရပါတယ်။ ဒါကြောင့် ဒီ

အချက်ကို ပြန်ပြီးတော့ ပြင်ဆင်ဖို့ ကျွန်တော့်အနေနဲ့ ဖြည့်စွက်ရခြင်းဖြစ်ပါတယ်။ ဥပမာအားဖြင့် Tourism Authority Board တို့၊ Myanmar Investments Commission တို့၊ နောက် Public Housing Board တို့၊ Text Board တို့၊ Central Bank တို့၊ Stock Exchange Commission တို့ တော်တော်များများမှာ ဒါ Independent Agency တွေဖြစ်ရမှာကို ဘာဖြစ်လို့မဖြစ်ဘဲနဲ့ Government က လူတွေကပဲ ပြန်ပြန်ပြီးတော့ Multi ရာထူးတွေကို (၂)ခု (၃)ခု ယူတဲ့အခါကျတော့ သူတို့ရဲ့ လုပ်ပိုင်ခွင့်တွေနဲ့ ရောထွေးပြီးတော့ နိုင်ငံရဲ့ ရှေ့ Stage Building ဆိုတဲ့ အယူအဆဘက်က ကြည့်လို့ရှိရင် အမြဲတမ်း အဲဒါတွေဟာ တော်တော်များများမှာ တွေ့ရပါတယ်။

ဥပမာ Myanmar Investments Commission ပဲဖြစ်ဖြစ်၊ Financial Commission ပဲ ဖြစ်ဖြစ် အဲဒါတွေ တော်တော်များများကို ကျွန်တော်တို့ ပြန်ပြီးတော့ သတိထားရမှာ ဖြစ်ပါတယ်။ ဥပဒေတွေရေးဆွဲတဲ့နေရာမှာ။ အဲဒီတော့ ကျန်တဲ့ဥပဒေ အပိုဒ် ၅ ဆိုတဲ့နေရာမှာ အများဆုံး (၁၀)နှစ် ဆိုတဲ့ ဒီကောင်စီရဲ့သက်တမ်းကို မထည့်ထားပါဘူး။ ဒါကြောင့် (၁၀)နှစ်ဆိုတာ ကျွန်တော် ထပ်ထည့် ချင်ပါတယ်။ ပုဒ်မ ၇။ ပုဒ်မ ၇ မှာဆိုရင် ကောင်စီရဲ့ လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် တာဝန်ယူမှု အခန်း ကဏ္ဍတွေကို ဒီဥပဒေမှာ ပြဋ္ဌာန်းထားတာမျိုး မတွေ့ရပါဘူး။ နောက် ပုဒ်မ ၈။ အချို့အဖွဲ့အစည်း များမှာ ပြည်တွင်းပြည်ပနိုင်ငံသားများ အသိပညာရှင်၊ အတတ်ပညာရှင်များစွာဖြင့် ဆိုတဲ့ဟာမျိုး ဒီ အနီရောင်တားထားတဲ့ဟာလေးတွေနဲ့ ဖြည့်စွက်ပြီးတော့ ဖွဲ့စည်းလိုပါတယ်။ နောက် ဒီကော်မတီများ ဖွဲ့စည်းရာမှာ ကဏ္ဍအလိုက်ပါဝင်မှု ဦးစားပေးရမည်ဖြစ်ပြီး အရေအတွက်အားဖြင့် အနည်းဆုံး (၅)ဦးမှ အများဆုံး (၉)ဦးအထိဆိုတဲ့ ဒီ အရေအတွက်၊ နောက် သက်တမ်းကော်မတီတွေမှာ ဒီအချက်တွေ မပါလာဘူး။ ဒီအချက်တွေပါဖို့အတွက် ကျွန်တော့်အနေနဲ့ ဖြည့်စွက်ဆွေးနွေးရပါတယ်။

ပုဒ်မ ၁၂။ ပုဒ်မ ၁၂ ကို ပြန်ကြည့်လိုက်လို့ရှိရင် ဦးစီးဌာနတွေရဲ့ လုပ်ငန်းတာဝန် များများဟာ ကော်မတီရဲ့ ဒီ ဥပဒေမှာ (၃)ခုရှိပါတယ်။ တကယ်ဆောင်ရွက်ရတာဟာ ကောင်စီ ရှိပါတယ်။ ကော်မတီရှိပါတယ်။ ဦးစီးဌာနရှိပါတယ်။ အဲဒီမှာ ကော်မတီရဲ့ လုပ်ငန်းရယ်။ ကောင်စီရဲ့ လုပ်ငန်းရယ်။ ဦးစီးဌာနရဲ့ လုပ်ငန်းတွေဟာ ရောထွေးနေပါတယ်။ တကယ်တော့ ဦးစီးဌာနဆိုတာ ကောင်စီနှင့် ကော်မတီရဲ့ အလုပ်တွေကို ပံ့ပိုးရတဲ့ အနေအထားမျိုးဖြစ်သင့်ပါတယ်။ ဒီပုဒ်မတွေလည်း ဒီမှာ ကျွန်တော်မတွေ့ရပါဘူး။ အဲဒါလေးလည်း - - - - - - - - - -

**အခမ်းအနားမှူး**။ ။ ခဏလေးပါ။

**ဥက္ကဋ္ဌ**။ ။ ကိုယ်စားလှယ်ကြီး ကျွန်တော်တို့ အဓိက ဆွေးနွေးရမှာ ကျွန်တော်တို့ ဒီဘက်က လွှတ်တော်ကနေ အတည်ပြုပြီးတော့ ပြည်သူ့လွှတ်တော် ပို့ထားတာ။ ပြည်သူ့လွှတ်တော် ကနေ ပြန်ပြင်တဲ့ဟာကိုပဲ အဓိကထားဆွေးနွေးရမှာ၊ အကုန်လုံး ကျွန်တော်တို့က ဒီဘက်က အတည်ပြု ပြီးသားဖြစ်သွားပြီ အမျိုးသားလွှတ်တော်က။ အမျိုးသားလွှတ်တော်က အတည်ပြုပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ကို ပို့လိုက်တာ။ ပြည်သူ့လွှတ်တော်ကို ပို့လိုက်တော့ ကျွန်တော်တို့ အတည်ပြုတဲ့ ဟာကို ပြည်သူ့လွှတ်တော်က ပြန်ပြင်တာရှိတယ်။ အဲဒီ ပြန်ပြင်တာ ကျွန်တော်တို့ အမျိုးသား

လွှတ်တော်ပဲ ထားမလား။ ပြည်သူ့လွှတ်တော်ပြင်တာပဲ ထားမလားဆိုတာ အဲဒါကိုပဲ အဓိကထား ဆွေးနွေးရမှာ။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးလိုက်။

**ဒေါက်တာမြတ်ဉာဏစိုး ၊ အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီဥပဒေဟာ အမျိုးသားလွှတ်တော်မှ ၁၂-၉-၂၀၁၆ ခုနှစ်က ရက်နေ့က အတည်ပြုပြီး ဖြစ်ပါတယ်။ အခု ကိုယ်စားလှယ်တော်ကြီး ဆွေးနွေးနေတဲ့အချက်တွေက ဥပဒေအသစ်တစ်ရပ်ကို ဆွေးနွေးသကဲ့သို့ ဖြစ်နေပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဟုတ်တယ်။ အဲဒါကိုပြောတာ။

**ဒေါက်တာမြတ်ဉာဏစိုး ၊ အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ**။ ။ အဲဒီအတွက်ကြောင့် မို့လို့ ပြည်သူ့လွှတ်တော်ကနေပြီးတော့ ပြန်လည်ပေးပို့လာတဲ့အချက်တွေအပေါ်မှာ ကိုယ်စားလှယ်တော်ကြီး အနေနဲ့ ပြည်သူ့လွှတ်တော်ကလည်း အချို့အချက်များဟာ အမျိုးသားလွှတ်တော်အတိုင်း သဘောတူ ထားတာရှိပါတယ်။ ဒီနေရာမှာလည်း ကွဲလွဲမှုရှိမှသာလျှင် ဒါ လွှတ်တော်ရဲ့ နည်းဥပဒေများအရ ဆွေးနွေးဆောင်ရွက်လို့ရမှာဖြစ်ပါတယ်။ အဲဒါလေးကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ တင်ပြအပ် ပါတယ်။

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)** ။ ။ မိုက်ဖွင့်ပြပေးပါ။ ကျွန်တော့်အနေနဲ့ ဒီဥပဒေကို ပြင်ဆင်ဖို့ တင်ပြတဲ့နေရာမှာ ဒီပုဒ်မတွေနဲ့ ကျွန်တော် အမျိုးသားလွှတ်တော် ဥပဒေပြုဌာနကို ကျွန်တော် တင်ထားတာ ဖြစ်ပါတယ်။ တင်ထားတဲ့နေရာမှာ ကျွန်တော့်ကို အမျိုးသားမှတ်တမ်းနဲ့ ဥပဒေပြုဌာနက ပုဒ်မ ၂၁ ကလည်း ကျန်တဲ့ဟာတွေ ဆွေးနွေးလို့ ရတယ်ဆိုတဲ့ သဘောမျိုးကို သက်ရောက်တဲ့အတွက် ကျွန်တော် ဒီဟာတွေကို ပြန်ပြီးတော့ ဆွေးနွေးခြင်း ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ အခုက ဒီလိုရှိတယ်လေ။ လိုအပ်သေးတာပေါ့။ နည်းဥပဒေက ရှိတာက ဒီ ဥပဒေက ကျွန်တော်တို့ အမျိုးသားလွှတ်တော်က အတည်ပြုလိုက်တာ။ စစချင်း ကျွန်တော်တို့ဆီမှာ စဆွေးနွေးတာ။ စဆွေးနွေးပြီး ကျွန်တော်တို့ဘက်ကနေ ဒါ အားလုံးကို အတည်ပြုပြီးတော့မှ ပြည်သူ့ လွှတ်တော်ကို ပို့လိုက်တာ။ ပြည်သူ့လွှတ်တော်က ကျွန်တော်တို့ဘက်က အတည်ပြုလိုက်တဲ့ဟာကို ဆွေးနွေးမယ်။ ဆွေးနွေးပြီးတော့ ကျွန်တော်တို့ဘက်က အတည်ပြုတာကို သူက ပြန်ပြင်ဆင်လိုက်တာတွေ ပါလာတာ။

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)** ။ ။ သဘောပေါက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီလို သဘောပေါက်တဲ့ - - - - - - -

**ဥက္ကဋ္ဌ**။ ။ ခင်ဗျားဆွေးနွေးရမှာက ပြည်သူ့လွှတ်တော်က ပြန်လည်ပြီးတော့ ပြင်လိုက် တဲ့ဟာတွေအပေါ်မှာ ပြင်သင့် မပြင်သင့်၊ ဒီက အမျိုးသားအတိုင်းပဲ ထားမလား။ သူပြင်တာ လက်ခံ မလား။ ဒါကိုပဲ ဆွေးနွေးလို့ရမယ်လေ။

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)** ။ ။ သဘောပေါက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ အဲဒီတော့ ကျွန်တော့်အနေနဲ့ ဒီလို ဆွေးနွေးခွင့်ရမလား ဆိုပြီးတော့ ကျွန်တော် ဆွေးနွေးရမယ့်ပုဒ်မတွေကို တရားဝင်မှတ်တမ်းနဲ့ ကျွန်တော် ဒီလိုဇယားတွေနဲ့ ဒီလို ဥပဒေပြုဌာနကို တင်ခဲ့ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြင်ဆင်ထားတဲ့အချက်ကို ဆွေးနွေးလေ။ ဆိုလိုတာက အသစ်ပုံစံမျိုး ပြန်ဆွေးနွေးလို့ မရဘူးလေ။

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)** ။ ။ ကျွန်တော် နားလည်မှုလွဲသွားတာလည်း ဖြစ်နိုင်ပါတယ်။ ကျွန်တော်က ဒီလို ပုဒ်မတွေကို တစ်ခုချင်း ပြန်ပြီးတော့ လွှတ်တော် ဥပဒေပြုဌာနကို တင်ထားခြင်းဖြစ်တဲ့အတွက် လွှတ်တော် ဥပဒေပြုဌာနက ဒါတွေကို ဖြည့်စွက်ဆွေးနွေးလို့ရတယ်ဆိုလို့ ကျွန်တော် ဆွေးနွေးရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒါ ဥပဒေပြုဌာနက သူမှားတာဖြစ်မှာ။ နည်းဥပဒေအရပဲ ကျွန်တော်တို့ လုပ်ရမှာလေ။ နည်းဥပဒေကို ဘာမှကျော်လို့မရဘူးလေ။

**ဦးသန်းစိုး(ခ)သန်းစိုး(ဘောဂဗေဒ)၊ ရန်ကုန်တိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)** ။ ။ ကျွန်တော့်ကို မှတ်ချက်နဲ့ ရေးတဲ့နေရာမှာတော့ ပုဒ်မ ၂၁ ကို ဒါ နည်းဥပဒေ အမျိုးသားလွှတ်တော်ရဲ့ နည်းဥပဒေ ဘယ်လောက်အရ ဆွေးနွေးခွင့်မရှိပါဘူးလို့ မှတ်ချက်နဲ့ ပို့လာပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၂။**

**အခမ်းအနားမှူး**။ ။ ကျွန်တော် အနည်းငယ်ပြန်လည်ရှင်းလင်းပါရစေခင်ဗျား။ ဒီ ပုဒ်မ ၂၁ ကလွဲပြီးတော့မှ ကျန်တဲ့ပုဒ်မများကို ဆွေးနွေးခွင့်ရှိတယ်ဆိုတဲ့နေရာမှာ ကျန်တဲ့ပုဒ်မများသည် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ရှိတဲ့ ပုဒ်မများဖြစ်ပါတယ်။ ဒါကြောင့် နည်းဥပဒေမှာလည်း ပြင်ဆင်ချက်ရှိတဲ့ ပုဒ်မများမှ မဟုတ်ဘူး။ ပြင်ဆင်ထားချက်များကို သဘောတူ၊ မတူ ဆွေးနွေးခွင့်ရှိတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့၊ ပုဒ်မ ၂၁ ကတော့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်လုံးဝမရှိတဲ့အတွက် ကြောင့်မို့လို့ ဆွေးနွေးခွင့်မရှိဘူး။ ကျန်တဲ့ပုဒ်မများကတော့ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များ ရှိတဲ့အတွက်ကြောင့်မို့လို့ ကျန်တဲ့ပုဒ်မများကိုတော့ ပြင်ဆင်ချက်အတိုင်း ပြင်ဆင်ချက်များကို ဆွေးနွေး နိုင်တယ်လို့ ကျွန်တော်တို့ဘက်က သဘောတူခြင်းဖြစ်ပါတယ်ခင်ဗျား။ ဒါပေမဲ့ အခု ဆွေးနွေးတဲ့ အချိန်မှာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်များအပေါ်မှာ ဆွေးနွေးခြင်းမဟုတ်ဘဲနဲ့ အခြားအချက်များ ကို ဆွေးနွေးတာ ဖြစ်တဲ့အတွက်ကြောင့်မို့လို့ အခုလိုမျိုး ဖြစ်တာပါ။ ဒီဥစ္စာ ကိုယ်စားလှယ်ကြီးအနေနဲ့ နားလည်မှုလွဲခြင်းဖြစ်တယ်လို့ ကျွန်တော့်အနေနဲ့ သဘောရပါတယ်။ ဒါလေးကို ကျွန်တော် ပြန်လည် ရှင်းလင်းအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၆။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်နိုင် ဆွေးနွေးဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၅၆။**

**ဦးကျော်နိုင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး အမှူးပြု၍ ကြွရောက်လာကြပါသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။

ယခု ကျွန်တော်ဆွေးနွေးမယ့် သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှုဥပဒေကြမ်းဟာ ပြီးခဲ့တဲ့ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် သက်တမ်းကာလအတွင်း ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်ခြင်းမရှိသဖြင့် ကျန်ရစ်ခဲ့သော ဥပဒေကြမ်း(၂၂)ခုအနက်မှ တစ်ခုအပါအဝင်ဖြစ်ကြောင်း တွေ့ရှိရတဲ့အတွက် ကျွန်တော် အပါအဝင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၄)ဦးက အထူးဂရုပြုလေ့လာပြီး ဝေဖန်ဖြည့်စွက် အကြံပြုခဲ့ကြပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၄-၈-၂၀၁၆ ရက်နေ့ ဒီဥပဒေကြမ်းကို ဆွေးနွေးခဲ့စဉ်မှာ ကျွန်တော်က ကျွန်တော်တို့နိုင်ငံရဲ့ လက်ရှိပညာရေး၊ အထူးသဖြင့် သိပ္ပံ၊ နည်းပညာနယ်ပယ်မှာ ဆန်းသစ်တီထွင်နိုင်လောက်အောင် အခြေခံခိုင်မာရဲ့လားဆိုတာ သံသယရှိဖွယ်ဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံရဲ့ လက်တွေ့မြေပြင်အခြေအနေအရ လိုအပ်နေတဲ့ ဥပဒေပုဒ်မအချို့ကို ပြင်ဆင်ဖြည့်စွက် တင်သွင်းခဲ့ပါတယ်။ ကျွန်တော်တို့ရဲ့ အမျိုးသားလွှတ်တော်မှာ အတည်ပြုပြီးတဲ့နောက် ယခု (၂)နှစ်နီးပါးကြာတဲ့ အခါမှ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း ဖြစ်ပါ တယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ Power Point ဖြင့် တင်ပြခွင့်ပြုပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်ရဲ့ အတည်ပြုချက်မှာ အဓိက(Main)ကတော့ ခေါင်းစဉ်ဖြစ်ပါတယ်။ ဒီခေါင်းစဉ်က အမည်သတ်မှတ်ချက်နဲ့လည်း သက်ဆိုင်ပါတယ်။ ဆိုင်ရာဖွံ့ဖြိုးရေးဆိုပြီးတော့ မင်အနီနဲ့ပြထားပါတယ်။ အဲဒီတော့ သိပ္ပံနှင့်နည်းပညာ ဆန်းသစ်တီထွင်မှုများမှာ ကျွန်တော်တို့တိုင်းပြည်ဟာ ဖွံ့ဖြိုးမှုမရှိဘဲနဲ့ လုံးဝနောက်ကျနေပါတယ်။ အဲဒီလို ဖွံ့ဖြိုးမှုမရှိတဲ့အတွက် ရိုးရိုးတန်းတန်း နာမည်မပေးဘဲနဲ့ သိပ္ပံ၊ နည်းပညာ ဆန်းသစ်တီထွင်မှုဆိုင်ရာ ဖွံ့ဖြိုးရေးဥပဒေဆိုတဲ့ ခေါင်းစဉ်အမည်ကို မုချမသွေ သုံးစွဲရမှာဖြစ်ပါတယ်။ ကျွန်တော် အနီရောင်နဲ့ ပြထားတဲ့အပိုင်း ဖြစ်ပါတယ်။

အဲဒီတော့ မူလအဆိုပြု ပြဋ္ဌာန်းချက်အတိုင်း၊ ပြည်သူ့လွှတ်တော်က အတည်ပြုချက်အတိုင်း၊ သာမန်အတိုင်းပဲ ဆန်းသစ်တီထွင်မှုဆိုရင်တော့ အားနည်းချက်တွေ ဖြစ်ပေါ်လာမှာပါ။ ဘယ်လို အားနည်းချက်လဲဆိုရင် ခြံစည်းရိုးကြက်ဆူသီးကို ကြိတ်ပြီးတော့ရတဲ့အရည်နဲ့ အင်ဂျင်စက်မောင်းမယ့် ဆန်းသစ်တီထွင်မှုတွေ၊ အတောင်ပံနဲ့ ပန်ကာတပ်ပြီးတော့ ရေစုပ်စက်အင်ဂျင်နဲ့ မိုးပေါ်ပျံမယ့် ဆန်းသစ်တီထွင်မှုတွေပဲ ရမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမည်ရဲ့ပြဋ္ဌာန်းမှုအရေးပါပုံကို ကျွန်တော် ဥပမာ တစ်ခု တင်ပြလိုပါသေးတယ်။ ကျွန်တော်တို့ အမျိုးသားလွှတ်တော်မှာ ပညာရေးမြှင့်တင်မှုကော်မတီ ရှိပါတယ်။ နိမ့်ကျနေတဲ့ ကျွန်တော်တို့ရဲ့ပညာရေးကို မြှင့်တင်ပေးရမယ်ဆိုတဲ့ အမည်ပြဋ္ဌာန်းချက်ပဲ

ဖြစ်ပါတယ်။ သာမန်အားဖြင့် ပညာရေးကော်မတီဆိုရင်တော့ ပညာရေးဝန်ကြီးဌာနအောက်မှာ မျှောလိုက်ရုံပဲရှိပါတယ်။

နောက်ဆက်လက်ဆွေးနွေးရမှာက ပြည်သူ့လွှတ်တော်ဘက်မှာပါတဲ့ သက္ကရာဇ်ဖြစ်ပါတယ်။ သက္ကရာဇ်ကတော့ Next မဟုတ်ပါဘူး။ ခုနက အပိုဒ်ပြန်ပြပါ။ ၁၃၇၉ ခုနှစ် ဆိုတာသည် အခုမဟုတ်တော့ပါဘူး။ ၁၃၈၀ ပြည့်နှစ် ဖြစ်ပါတယ်။ ခု ဂဏန်းမပါရှိတဲ့အတွက် ခုနှစ်လို့ မသုံးစွဲရပါဘူး။ ၁၃၈၀ ပြည့်နှစ်ဆိုမှ ရေးထုံးမှန်မှာဖြစ်ပါတယ်။ အခုနှစ် ပြက္ခဒိန်အချို့မှာ ၁၃၈၀ ခုနှစ်လို့ မှားယွင်းစွာ ပုံနှိပ်ထားတာ တွေ့ရပါတယ်။ ခရစ်သက္ကရာဇ်ကတော့ ၂၀၁၈ ပဲဖြစ်ပါတယ်။ ဒီ အဆိုပြုပြဋ္ဌာန်းချက်မှာပါတာကို အမျိုးသားလွှတ်တော်က အတည်ပြုပြဋ္ဌာန်းထားတဲ့ သင်ရိုးညွှန်းတမ်းနဲ့ သင်ကြားမှုများ အရည်သွေးမြင့်မားစေရန် ဆိုတာသည် အတည်ပြုရမယ့်အချက် ဖြစ်ပါတယ်။

သို့သော် ပြည်သူ့လွှတ်တော်ကတော့ မူလအဆိုပြုချက်အတိုင်း သူကထားပါတယ်။ အဲဒါသည် တကယ်တမ်း အားနည်းချက် အင်မတန်ရှိပါတယ်။ ယခု ကျွန်တော် အနီရောင်နဲ့ ပြဋ္ဌာန်းထားတဲ့ အချက်များဆိုတဲ့အချက်ဟာ မထည့်ရင် ကျွန်တော်တို့ တိုင်းပြည်ရဲ့ အားနည်းချက်ကို ဖြည့်စွက်လို့ရမှာမဟုတ်ပါဘူး။ ဒီဥပဒေရဲ့တာဝန်ခံ ဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနဖြစ်ပါတယ်။ ပညာရေးဝန်ကြီးဌာနရဲ့ အောက်မှာရှိတဲ့ သိပ္ပံဘာသာရပ်နဲ့ နည်းပညာများ သင်ကြားပေးနေတဲ့ တက္ကသိုလ်များမှာ လက်တွေ့သုတေသနလုပ်ဆောင်မှု အလွန်အားနည်းနေပါတယ်။ အမျိုးသားပညာရေးမူဝါဒ ကော်မရှင်က ပြည်ထောင်စုလွှတ်တော်ကို တင်သွင်း တဲ့အစီရင်ခံစာမှာ သုတေသနလုပ်ဆောင်မှု သုညရာခိုင်နှုန်းတွေ့ရပါတယ်။ သုညရာခိုင်နှုန်းဆိုတာ ဘာမှမလုပ်ဘူးလို့ ပြောတာပါ။ လက်တွေ့လုပ်ဆောင်မှု ဘာမှမရှိဘဲနဲ့ သိပ္ပံဘွဲ့၊ နည်းပညာဘွဲ့၊ အင်ဂျင်နီယာဘွဲ့ရသူများသာရှိတဲ့ ကျွန်တော်တို့နိုင်ငံရဲ့ လက်တွေ့မြေပြင်အခြေအနေအရ ဤစာသားများကို ဖြည့်စွက်ရမှာဖြစ်ပါတယ်။

ဒီတစ်ခါမှာ ပြည်သူ့လွှတ်တော်က သူတို့က ဆိုင်ရာအားနည်းချက်များကိုပဲ ဖော်ထုတ်မယ်ဆိုတော့ ဘာနဲ့တူလည်းဆိုရင် ကျွန်တော်တို့ရန်ကုန်မှာ ကတ္တရာလမ်းတွေ ပျက်စီးလို့ရှိရင် အပေါက်ဖာတဲ့ အလုပ်ပဲလုပ်တယ်။ အဲဒီလိုပဲ ဒီလိုပဲလုပ်မယ်ဆိုရင်တော့ ဒီကနေ့အပေါက်ဖာ နောက်သုံးရက်နေရင် ပြန်ပျက်။ နောက်တစ်ခါထပ်ကာထပ်ကာ ဖာရမယ့်ကိစ္စနဲ့ အတူတူလိုပါပဲ။ တကယ်တမ်းက ပညာအရည်အသွေးနိမ့်ကျတဲ့ အကြောင်းအရင်း အစစ်အမှန်ကို ဖော်ထုတ်ရမယ့်ဟာသည် လိုအပ်ချက်ဖြစ်ပါတယ်။

နောက်တစ်ခါ ထူးချွန်ကျောင်းသားဆိုတဲ့ ကိစ္စကို ပြောပါမယ်။ ထူးချွန်ကျောင်းသားကို ကျွန်တော်ပြောတုန်းက၊ အဲဒီတုန်းကတော့ နိုင်ငံခြားမှာထွက်ပြီးတော့ ပညာသင်တဲ့ ထူးချွန်ကျောင်းသားများကို ကုမ္ပဏီများ၊ ဖောင်ဒေးရှင်းများက ခေါင်းခေါက်ပြီးခေါ်ခဲ့တယ်လို့ ကျွန်တော်တင်ပြခဲ့ပါတယ်။ အခု များမကြာမီမှာ ကျွန်တော်တို့တိုင်းပြည်ကို နိုင်ငံတကာက တက္ကသိုလ်များဝင်ရောက်လာတော့မှာဖြစ်ပါတယ်။ အခုဆိုရင် ရင်းနှီးမြှုပ်နှံမှုဌာနကနေပြီးတော့၊ ဦးစီးဌာနကနေပြီးတော့ နိုင်ငံခြားတက္ကသိုလ်များ အပါအဝင် ခွင့်ပြုလိုက်ပါပြီ။ များမကြာမီပဲ ပညာရေးဌာနကနေပြီးတော့ အဆင့်မြင့်ပညာရေးဥပဒေနဲ့ ပုဂ္ဂလိကကျောင်းဥပဒေများ ပေါ်ပေါက်လာရင် နိုင်ငံခြား

တက္ကသိုလ်များ ရောက်ရှိလာတဲ့အခါမှာ ထူးချွန်တဲ့၊ လက်တွေ့ရှိတဲ့ ကျောင်းသားများပေါ်ထွက်လာရင် အဲဒီထူးချွန်ကျောင်းသားများကိုသာ သုတေသနလက်တွေ့စမ်းသပ်ခိုင်းတဲ့ ဌာနတွေမှာ၊ သို့တည်း မဟုတ်ရင် လုပ်ငန်းတွေမှာ သုံးစွဲမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့က ဒီနေရာမှာ ထူးချွန်ကျောင်းသားဆိုတဲ့အချက်ကို မထည့်မနေထည့်ရမှာဖြစ်ပါတယ်။ အဲဒီတော့ ကျန်အချက်အလက်များနဲ့ ပတ်သက်လို့လည်း ပြင်ဆင်စရာ ရှိသော်လည်းပဲ ကျွန်တော်က ကျန်အချက်အလက်များကို ထားခဲ့ပြီးတဲ့နောက် တကယ့်တကယ်အချက်အလက်ပေါင်း အင်မတန်များပြားပါတယ်။ ကျွန်တော်တို့ အချက်အလက်ပေါင်း(၁၀၉)ချက်မှာ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော် ကွဲလွဲတဲ့အချက်ပေါင်း (၅၄)ချက် ရှိပါတယ်။ တူညီတာ(၅၅)ချက်ပဲရှိတယ်။ အဲဒီတော့ ကျွန်တော်တို့ အကုန်လုံးအပြည့်အစုံအတွက်ဆိုရင် (၆)မိနစ်ထဲမှာ ဘယ်လိုမှမပြည့်စုံနိုင်ဘူး။ သို့သော် ပြည်ထောင်စုလွှတ်တော်မှာ ဆက်လက် ဆွေးနွေးမယ်လို့ ပြောကြားရင်း ကျွန်တော့်ရဲ့ ဆွေးနွေးချက်ကို နိဂုံးချုပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။**　　။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်(၂)ဦးရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် ဒုတိယနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။**　　။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ၂၀၁၈ ခုနှစ်၊ မေလ ၁၅ ရက်(အင်္ဂါနေ့) နံနက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။

**အခမ်းအနားမှူး။**　　။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။**　　။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ပထမနေ့ကို ၁၀း၅၉ နာရီအချိန်တွင် ရပ်နားပါသည်။]